# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

# နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

## ၂၀၁၈ ခုနှစ်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာ | ၂ |
| ၃ | ကော်မရှင်ဥက္ကဋ္ဌ၏ အစီရင်ခံတင်ပြချက် | ၆ |


### အခန်း (၁)

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ရည်မှန်းချက်တာဝန်နှင့် ဆောင်ရွက်ချက်များ


| | | |
|---|---|---|
| ၄ | ကော်မရှင် ဖွဲ့စည်းခြင်း | ၉ |
| ၅ | ကော်မရှင်၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ | ၁၁ |
| ၆ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာစီမံချက်(၂၀၁၈-၂၀၂၁) | ၁၃ |
| ၇ | ၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက် | ၁၇ |
| ၈ | လုပ်ငန်းကော်မတီများဖွဲ့စည်းဆောင်ရွက်ခြင်း | ၁၇ |
| ၉ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ စတုတ္ထအကြိမ်ပြင်ဆင်ခြင်း | ၁၈ |
| ၁၀ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေအသစ်ရေးဆွဲခြင်း | ၂၁ |
| ၁၁ | ကော်မရှင်ကျင့်ဝတ်ရေးဆွဲခြင်းနှင့် အခြေခံမူများ | ၂၁ |
| ၁၂ | အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း | ၂၂ |
| ၁၃ | စွမ်းဆောင်ရည်မြှင့်တင်ခြင်း | ၃၄ |
| ၁၄ | ကော်မရှင်အစည်းအဝေးများကျင်းပခြင်း | ၃၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

**အခန်း (၂)**

**အသိပညာပေးရေးလုပ်ငန်းများ**


| | | |
|---|---|---|
| ၁၅ | အလုပ်ရုံဆွေးနွေးပွဲများ | ၃၇ |
| ၁၆ | အသိပညာပေးစာစောင်များ | ၃၈ |
| ၁၇ | နိုင်ငံပိုင်သတင်းစာများ၊ လူမှုကွန်ယက်စာမျက်နှာ၊ ဝက်ဘ်ဆိုက်နှင့် ရုပ်မြင်သံကြားတို့တွင် အသိပညာပေး ဖော်ပြမှုများ | ၃၉ |
| ၁၈ | အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလှုပ်ရှားမှုများ | ၄၀ |
| ၁၉ | သတင်းစာရှင်းလင်းပွဲများနှင့်သတင်းထုတ်ပြန်မှုများ | ၄၁ |
| ၂၀ | အသိပညာပေးပြခန်းများ | ၄၅ |
| ၂၁ | ဖြောင့်မတ်တည်ကြည်မှု မြင့်တင်ရေးပညာပေး အစီအစဉ်များ | ၄၆ |


**အခန်း (၃)**

**တားဆီးကာကွယ်ရေးလုပ်ငန်းများ**


| | | |
|---|---|---|
| ၂၂ | **စာတမ်းဖတ်ကြားဆွေးနွေးပွဲ** | |
| | ❖ အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာ မြင့်တင်စို့ စာတမ်းဖတ်ကြားဆွေးနွေးခြင်း | ၄၇ |
| ၂၃ | **အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ** | |
| | ❖ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်တို့တွင် ဟောပြောဆွေးနွေးခြင်း | ၄၈ |
| | ❖ တားဆီးကာကွယ်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ | ၅၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ❖ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း | ၅၂ |
| | ❖ တင်ဒါလုပ်ထုံးလုပ်နည်းများ ဆွေးနွေးခြင်း | ၅၃ |
| | ❖ ပိုင်ဆိုင်မှုကြေညာခြင်း မိတ်ဆက် အလုပ်ရုံဆွေးနွေးပွဲ | ၅၄ |
| ၂၄ | **အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ချက်များ** | |
| | ❖ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက် | ၅၄ |
| | ❖ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များ ချမှတ်ဆောင်ရွက်ရေး အမိန့်ကြော်ငြာစာ | ၅၄ |
| ၂၅ | **အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းရေးဆောင်ရွက်ခြင်း** | ၅၅ |

## အခန်း (၄)

## စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

| | | |
|---|---|---|
| ၂၆ | **တိုင်ကြားစာများအပေါ် စီမံဆောင်ရွက်ခြင်း** | |
| | ❖ တိုင်ကြားစာများ လက်ခံရရှိမှု | ၅၆ |
| | ❖ တိုင်ကြားစာများ စိစစ်မှု | ၅၈ |
| | ❖ တိုင်ကြားစာများ လွှဲပြောင်းပေးပို့မှု | ၅၉ |
| | ❖ တိုင်ကြားသူများထံ အသိပေး ပြန်ကြားမှု | ၆၀ |
| | ❖ တိုင်ကြားသူများနှင့် လက်ခံတွေ့ဆုံဆွေးနွေးမှု | ၆၁ |
| | ❖ စုံစမ်းစစ်ဆေးတရားစွဲတင်ပို့မှု | ၆၁ |
| | ❖ ကျော်စောသတင်းအရ စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲတင်ပို့မှု | ၆၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇ | လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာများအပေါ် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက အရေးယူဆောင်ရွက်ခြင်း | ၆၆ |
| ၂၈ | အဂတိလိုက်စားမှုကြောင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း | ၆၇ |

**အခန်း (၅)**

**၂၀၁၈ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်ချမှတ်ခြင်း**

| | | |
|---|---|---|
| ၂၉ | ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း | ၆၈ |
| ၃၀ | တားဆီးကာကွယ်ခြင်းနှင့် အသိပညာပေးခြင်း | ၆၈ |
| ၃၁ | စုံစမ်းစစ်ဆေးအရေးယူခြင်း | ၇၁ |
| ၃၂ | ပြည်တွင်း/နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း | ၇၁ |
| ၃၃ | အဂတိလိုက်စားမှု စစ်တမ်းကောက်ယူခြင်း | ၇၂ |
| ၃၄ | အဂတိလိုက်စားမှုဆိုင်ရာ ညွှန်းကိန်းများ အခြေအနေ | ၇၆ |
| ၃၅ | ၂၀၁၉ ခုနှစ် ရှေ့လုပ်ငန်းအစီအစဉ် လျာထားမှု | ၇၇ |
| ၃၆ | နိဂုံး | ၈၁ |

# နိဒါန်း

၁။ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဒုတိယကမ္ဘာစစ် အပြီး လွတ်လပ်ရေးမရမီကာလကပင် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ်တွင် အစိုးရ ထောက်ပံ့ရေးပစ္စည်း ခိုးယူမှုများကို ကိုင်တွယ်ဖြေရှင်းရန် ပြည်သူ့ထောက်ပံ့ရေး ပစ္စည်းများ ခိုးယူခြင်းမှ ကာကွယ်သည့် ကော်မတီနှင့် ပြည်သူ့ပစ္စည်းကာကွယ်ရေးရဲအဖွဲ့တို့ကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။ လာဘ်ပေးလာဘ်ယူနှင့် အဂတိလိုက်စားမှုများကိုမူ ၁၈၆၁ ခုနှစ် ရာဇသတ်ကြီးဖြင့်လည်းကောင်း၊ ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေဖြင့်လည်းကောင်း၊ ၁၉၅၁ ခုနှစ် အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာနအက်ဥပဒေဖြင့်လည်းကောင်း အရေးယူ ဆောင်ရွက်ခဲ့ပါသည်။

၂။ ကမ္ဘာတစ်ဝှမ်းတွင် သိသာစွာ ဆိုးရွားလာသည့် အဂတိလိုက်စားမှုများ၊ အဂတိလိုက်စားမှုနှင့် ဆက်စပ်နေသည့် နိုင်ငံဖြတ်ကျော်မှုခင်းများကို တားဆီးကာကွယ်ရန်၊ အရေးယူအပြစ်ပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် နိုင်ငံတကာ သဘောတူညီချက်မူဘောင်တစ်ရပ်အနေဖြင့် ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ်၊ ၅၈/၄ အရ ကမ္ဘာ့နိုင်ငံများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို အတည်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံက ၂၀၀၅ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်းကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ ယင်းနောက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းခဲ့ပါသည်။

၃။ အဆိုပါဥပဒေနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဖွဲ့စည်းပြီး မတ်လ ၁၀ ရက်နေ့တွင် ကော်မရှင်ရုံး စတင်ဖွင့်လှစ်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

စေရန် ရည်မှန်းချက်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ပြင်ဆင်ဖြည့်စွက်ပြီး ပြဋ္ဌာန်းခဲ့ပါသည်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်အား တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပိုမိုပေးအပ်ထားသလို လွတ်လပ်စွာ စုံစမ်းစစ်ဆေးခြင်း၊ အရေးယူခြင်း၊ တရားစွဲဆိုခြင်း စသည်တို့ကိုလည်း ခွင့်ပြုထားပါသည်။

ကျွန်တော့်အနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ရန် ပြည်ထောင်စုလွှတ်တော်တွင် ၃၀-၃-၂၀၁၈ ရက်နေ့၌ ကတိသစ္စာပြုသည့်အခါ ‘x x x အဂတိ လိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ် x x x’ ဟု ပြောကြားခဲ့ပါသည်။ ထို့အပြင် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် နှစ်ဆန်း ၁ ရက်နေ့တွင် ပြည်ထောင်စုတစ်ဝန်းလုံးသို့ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားခဲ့ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာအတော်များများတွင် ဓလေ့သဖွယ်စွဲကပ်နေသည့် အဂတိလိုက်စားမှုများကို ပိုမိုတိုက်ဖျက်ရာတွင် ဝန်ထမ်းများ၏ ရပိုင်ခွင့် အခွင့်အရေးနှင့် တာဝန်ကို ဘက်ညီမျှတစေရန် ပြန်လည်သုံးသပ်ပြီး ဌာနဆိုင်ရာတစ်ခုချင်းက အသီးသီးတာဝန်ခံ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အပြင် မီဒီယာနှင့် ပြည်သူလူထုကလည်း မှန်ကန်စွာ ရှာဖွေဖော်ထုတ်ရေးကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်အာဏာအရှိန်အဝါရှိသူများ၏ ပါဝင်ပတ်သက်မှု၊ ဝင်ရောက်စွက်ဖက်မှုများအား တိကျခိုင်လုံသည့် အချက်အလက် အထောက်အထားများနှင့် တိုင်ကြားကြရန်လည်း အထူးလိုအပ်ကြောင်း၊ အဂတိလိုက်စားမှုကို အရှိန်အဟုန်မြင့်မားစွာ တိုက်ဖျက်နိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့်စီမံချက်ချမှတ်၍ ယခင်ကထက် ပိုမိုကြိုးပမ်းဆောင်ရွက်ရန်ကိုလည်း တိုက်တွန်းနှိုးဆော်ကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် တွေ့ဆုံခဲ့စဉ်ကလည်း မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ မျက်နှာကြီးငယ်မလိုက်၊ ဆုကြိုးနိမ့်မြင့်မရွေး ဥပဒေနှင့်အညီ ပြတ်ပြတ်သားသား ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ရောဂါဆိုးသဖွယ် အမြစ်တွယ်နေသော အဂတိလိုက်စားမှုကို ရှဲရှာစက်ဆုပ်ဖွယ်ရာ ကိုယ်ကျင့်သိက္ခာ ပျက်ယွင်းမှုကြီးတစ်ရပ်အဖြစ် အားလုံးက ရှုမြင်လာကြရန်၊ အဂတိလိုက်စားမှုဆိုးကျိုးများကို သိမြင်နားလည်လာစေရန် အတွက်လည်း ပညာပေးမှု၊ စည်းရုံးမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ အများအပြား မြှင့်တင်ဖော်ဆောင်ရန် အားပေးလျက်ရှိပါသည်။ "အဂတိလိုက်စားမှုတားဆီးကာကွယ်ဖို့ တာဝန်ယူမှုမြှင့်တင်ကြပါစို့" ဟူသော ခေါင်းစဉ်ဖြင့် အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခွင့်ပြုခဲ့ပါသည်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ (Corruption Prevention Units-CPU)ကိုလည်း ဖွဲ့စည်းခွင့် ပြုထားပါသည်။

အဂတိလိုက်စားမှုကြောင့် ပြည်သူ့ဘဏ္ဍာရန်ပုံငွေဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် လျှော့ချနိုင်ရန်၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် စနစ်တစ်ခုကဲ့သို့ ပျံ့နှံ့နေသော အဂတိလိုက်စားမှုကို သိသိသာသာ ကျဆင်းသွားစေရန်နှင့် ကမ္ဘာ့ဘဏ်၏ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာ ညွှန်းကိန်းတွင် အဂတိလိုက်စားမှု ထိန်းချုပ်နိုင်ခြင်းအဆင့် တိုးတက်လာစေရန် ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှု ရှုမြင်သုံးသပ်ချက်အညွှန်းကိန်း သတ်မှတ်ရာတွင် အားနည်းသောအချက်များကို ပိုမိုကောင်းမွန်အောင် စီမံဆောင်ရွက်သွားမည်လည်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် အဓိကကျသည့် ခလုတ်တံသင်းဖြစ်နေသည်ကို နားလည်သဘောပေါက်ပါသည်။ အဂတိလိုက်စားမှုသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူနေမှု အဆင့်အတန်း မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လွယ်ကူ

လျင်မြန်စွာ ဝင်ရောက်နိုင်ရေးတို့ကို ထိခိုက်စေပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရန် နိုင်ငံရေးဆန္ဒ (Political Will) ပြင်းပြစွာရှိပြီး ခွဲလုံ့လဝီရိယဖြင့် လုပ်ဆောင်ရန်လည်း သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ်ဆောင်ရွက်ရန်၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေး ဖြစ်ထွန်းပေါ်ပေါက်စေရန်၊ တာဝန်ယူမှုတာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု ပိုမိုရှိစေရန်၊ နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ ပြည်သူလူထု၏ အကျိုးစီးပွားများ ဆုံးရှုံးနစ်နာမှုမရှိစေရန်၊ အသိပညာနှင့် ကိုယ်ကျင့်သိက္ခာ မြင့်တင်စေရန်၊ အဂတိလိုက်စားမှုကို ထိရောက်စွာ အရေးယူရန်၊ အဂတိကင်းစင်သော လူ့အဖွဲ့အစည်းဖြစ်စေရန်တို့ကို ကြိုးပမ်း အကောင်အထည်ဖော်လျက် ရှိပါသည်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းတို့ကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကလည်း စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လည်း နိုင်ငံတော်အစိုးရအနေဖြင့် နှိုးဆော်ထားပြီး ဖြစ်ပါသည်။

ဤမင်္ဂလာရှိသော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ (၁၅) နှစ်ပြည့် အခါသမယတွင် ကွန်ဗင်းရှင်းပါ ရည်ရွယ်ချက်များနှင့် အခြေခံမှုများဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ကတိကဝတ်များကို ထပ်လောင်း အတည်ပြုပါကြောင်းနှင့် "**အဂတိ လိုက်စားမှု ဆန့်ကျင်ဖို့ ညီညွတ်ကြပါစို့**" ဟူသော ကုလသမဂ္ဂ၏ ဆောင်ပုဒ်နှင့်အညီ အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်ရန် အလေးအနက် ဆန္ဒပြုပါကြောင်း သဝဏ်လွှာ ပေးပို့အပ်ပါသည်။

* * * * * * * * *

## ကော်မရှင်ဥက္ကဋ္ဌ၏ အစီရင်ခံတင်ပြချက်

၁။ အဂတိလိုက်စားမှုသည် စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုတို့နှင့် လူမှုယဉ်ကျေးမှု ဘဝကြီးတစ်ခုလုံးကို ထိခိုက်ကျဆင်းစေသော အဓိက အကြောင်းရင်းတစ်ခုဖြစ်သည့်အပြင် ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့ကျရေးနှင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း အဓိကအတားအဆီးတစ်ခုပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုသည် ဆယ်စုနှစ်ပေါင်းများစွာ နယ်ပယ်အသီးသီး၌ နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် ပြဿနာကြီးတစ်ခု ဖြစ်ပါသည်။ ထိုသို့ ခိုင်မြဲစွာ အမြစ်တွယ်နေသော အဂတိလိုက်စားမှုများကို ကော်မရှင်သည် ပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲ၍ တိုက်ဖျက်သွားရန် သန္နိဋ္ဌာန် ချထားပါသည်။

၂။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (United Nations Convention Against Corruption_ UNCAC) တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂-၁၂-၂၀၀၅ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၀-၁၂-၂၀၁၂ ရက်နေ့၌ UNCAC ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံအတည်ပြုခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ အမိန့်ထုတ်ပြန်သော ၁၇-၉-၂၀၁၃ ရက်နေ့တွင် စတင်အာဏာ သက်ဝင်ခဲ့ကာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၅-၂-၂၀၁၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။

၃။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ၁၀-၃-၂၀၁၄ ရက်နေ့မှစ၍ ကော်မရှင်ရုံးကို ဖွင့်လှစ်ခဲ့ပြီး နှစ်ကုန်ဆုံးတိုင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆ (ဇ)အရ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများကို နှစ်ပတ်လည်အစီရင်ခံစာများ ပြုစု၍ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ တင်ပြခဲ့ပါသည်။

၄။ ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအား စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ပြင်ဆင်ပြီးဥပဒေ ပုဒ်မ ၁၆(ဇ) အရ ၂၀၁၈ ခုနှစ်၏ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား နိုင်ငံတော် သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့ထံ သတ်မှတ်ချက်နှင့်အညီ တင်ပြ၍ အများပြည်သူကပါ သိရှိ နားလည်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ထုတ်ပြန်ခြင်း ဖြစ်ပါ သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က နှစ်စဉ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများအပြင် ဆက်လက် ဆောင်ရွက်သွားရန် ရည်ရွယ်သည့် လုပ်ငန်းများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများအတွက် တာဝန်ရှိသူများသာမက အများပြည်သူကပါ သိရှိနားလည်ထား သင့်သည်ဟု ခံယူပါသည်။

၅။ အစီရင်ခံစာ ထုတ်ပြန်သည့် ၂၀၁၈ ခုနှစ်ကာလအတွင်းတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၁)နှင့် ၂၀၁၈ခုနှစ် လုပ်ငန်းစီမံချက်တို့ အား ရေးဆွဲကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်တွင် မဟာဗျူဟာ ရည်မှန်းချက် (၃)ခုကို လုပ်ငန်းဧရိယာ(၅)ခု၊ လုပ်ငန်းစဉ်(၁၇)ခု၊ ပန်းတိုင်(၄၈)ခုဖြင့် နှစ်အလိုက် လုပ်ငန်းစီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၆။ ဤနှစ်ပတ်လည်အစီရင်ခံစာတွင် ကော်မရှင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်၊ ၂၀၁၈ခုနှစ် လုပ်ငန်းစီမံချက်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်ရာ အသိပညာပေးမှုများ၊ တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုများ၊ အရေးယူ ဆောင်ရွက်မှုများကို ဖော်ပြထားပြီး ကော်မရှင်တွင် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ် ရေးဆွဲထုတ်ပြန်မှု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပြင်ဆင်မှုနှင့် နည်းဥပဒေ အသစ် ရေးဆွဲမှု၊ တိုင်ကြားစာများအား စနစ်တကျ ကိုင်တွယ်ဆောင်ရွက်မှုနှင့် အဂတိ လိုက်စားမှု ကိစ္စရပ်များအပေါ် အရေးယူဆောင်ရွက်ချက်များ၊ ကော်မရှင်၏ လုပ်ငန်း

ဆောင်ရွက်ချက်များအား သတင်းထုတ်ပြန်မှု၊ သတင်းဆောင်းပါးများ၊ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်မှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ဆောင်ချက်များအား အချိန်နှင့် တပြေးညီ သတင်းထုတ်ပြန်ခြင်းများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်တွင်းတွင် စီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ချင်းပြည်နယ်မှအပ တိုင်းဒေသကြီး/ပြည်နယ်(၁၃)ခုမှ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရဌာနဆိုင်ရာအကြီးအမှူးများနှင့် တွေ့ဆုံပြီး အဂတိလိုက်စားမှု စစ်တမ်းကောက်ယူမှု၊ ၂၀၁၈ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးသပ်ခြင်းနှင့် ၂၀၁၉ ခုနှစ် လုပ်ငန်းအစီအစဉ်ချမှတ်ခြင်းတို့ ပါဝင်ပါသည်။

၇။ မြန်မာနိုင်ငံတစ်ဝန်း၌ အဂတိလိုက်စားမှု စစ်တမ်းကောက်ယူမှုအရ ကော်မရှင်သည် ၂၀၁၈ခုနှစ်အတွင်း စုံစမ်းစစ်ဆေး တရားစွဲတင်ပို့မှုမှာ အရာထမ်း၊ အမှုထမ်း၊ ပြည်သူ့ဝန်ထမ်း စုစုပေါင်း(၄၆)ဦးအထိ ရောက်ရှိခဲ့သော်လည်း ပြည်သူများ၏ ထင်မြင်ချက်အရ အဂတိလိုက်စားမှုအခြေအနေမှာ လျော့ကျသင့်သလောက် လျော့ကျခြင်း မရှိသေးဘဲ ယခင်အတိုင်းပဲ ရှိနေသည်ဟု အများစုက ရှုမြင်ကြပါသည်။ ဤသို့ဖြစ်ရခြင်းမှာ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းနှင့် ထိရောက်စွာ အရေးယူမှု အားနည်းနေသေးခြင်းကြောင့်ဟု ယူဆသူများပြီး ပြည်သူများ ပါဝင်လျှင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အပြည့်အဝ အောင်မြင်မည်ဟု မျှော်လင့်ထားကြသည်ကို တွေ့ရှိရသည်မှာ အားရစရာကောင်းပါသည်။ ထို့ကြောင့် ၂၀၁၉ခုနှစ်တွင် ယခင်နှစ်များ၏ လုပ်ငန်းအတွေ့အကြုံမှ ပြုပြင်ရန် လိုအပ်သည့် အချက်များကို ပြုပြင်ပြီး အစိုးရဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူလူထုကြီးတစ်ရပ်လုံး ပါဝင်လာအောင် စည်းရုံးလှုံ့ဆော်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

# အခန်း(၁)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ရည်မှန်းချက်တာဝန်နှင့်ဆောင်ရွက်ချက်များ

## ကော်မရှင်ဖွဲ့စည်းခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အား နိုင်ငံတော်သမ္မတရုံး၏ ၂၃-၁၁-၂၀၁၇ ရက်စွဲပါအမိန့်အမှတ်၊ ၃၀/၂၀၁၇ ဖြင့် ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် (၁၀) ဦး၊ စုစုပေါင်း (၁၂) ဦးတို့ဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည် -

| စဉ် | အမည် | ရာထူး/တာဝန် |
|---|---|---|
| (က) | ဦးအောင်ကြည်<br>ပြည်ထောင်စုဝန်ကြီး (ငြိမ်း)<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုးတင့်<br>ညွှန်ကြားရေးမှူး (ငြိမ်း)<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်လွင်<br>ညွှန်ကြားရေးမှူး (ငြိမ်း)<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဟန်ညွန့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ဒေါ်မြတ်မြတ်စိုး<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးအောင်သန်းမြင့်<br>ညွှန်ကြားရေးမှူး (ငြိမ်း)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | ဦးခင်မောင်မြင့်<br>တရားလွှတ်တော်ရှေ့နေ | အဖွဲ့ဝင် |
| (ဇ) | ဦးမျိုးမြင့်<br>တရားလွှတ်တော်ရှေ့နေ | အဖွဲ့ဝင် |
| (ဈ) | ဒေါ်အေးအေးမူ<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ည) | ဦးဇော်ဝင်း<br>ရဲချုပ် (ငြိမ်း)<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒေါ်လဲ့လဲ့သွင်<br>ညွှန်ကြားရေးမှူး (ငြိမ်း)<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဌ) | ဦးစန်းဝင်း<br>ညွှန်ကြားရေးမှူး (ငြိမ်း)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အတွင်းရေးမှူး |

## ကော်မရှင်၏ ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်များ

### ရည်မှန်းချက်

၂။ နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ တွန်းလှန် တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန်။

### လုပ်ငန်းတာဝန်များ

၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်အဖြစ်ခံယူလျက် အဂတိလိုက်စားမှုဆိုင်ရာ အများပြည်သူသို့ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် အဂတိလိုက်စားမှုများအား အရေးယူဆောင်ရွက်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ရန်။

### ကော်မရှင်၏ ရည်ရွယ်ချက်

၄။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အောက်ပါရည်ရွယ်ချက်များနှင့်အညီ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်-

- ❖ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊
- ❖ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊
- ❖ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊

## မဟာဗျူဟာရည်မှန်းချက်များ

၆။ နိုင်ငံအတွင်း ဖြစ်ပွားနေသော အဂတိလိုက်စားမှုများကို အောင်မြင်စွာ တိုက်ဖျက်နိုင်ရေးအတွက် ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာ စီမံချက်ကို ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်ရန် အချိန်ကာလကို ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ (၄)နှစ်တာ သတ်မှတ်ကာ အဆိုပါကာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်ရှိကျယ်ပြန့်စွာ ဖြစ်ပေါ်နေသော အဂတိလိုက်စားမှု အခြေအနေများကို လျော့နည်း ကျဆင်းသွားစေရန်အတွက် အောက်ပါ မဟာဗျူဟာ ရည်မှန်းချက်(၃)ရပ် သတ်မှတ်ထားပါသည်-

- ❖ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းများတွင် အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နေသော ပြည်သူ့ဘဏ္ဍာ ရန်ပုံငွေ ဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု တို့ဖြင့် လျှော့ချနိုင်ရန်၊
- ❖ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာ ပျံ့နှံ့နေသော အဂတိလိုက်စားမှုကို သိသာထင်ရှားစွာ ကျဆင်းသွားစေရန်၊
- ❖ ကမ္ဘာ့ဘဏ်မှထုတ်ပြန်သည့် ကောင်းမွန်သောစီမံအုပ်ချုပ်မှုဆိုင်ရာ ညွှန်းကိန်းတွင် အဂတိလိုက်စားမှု ထိန်းချုပ်နိုင်ခြင်းညွှန်းကိန်း သိသာထင်ရှားစွာ အဆင့်တိုးတက်လာစေရန်။

## မဟာဗျူဟာစီမံချက်လုပ်ငန်းဧရိယာများ

၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်(၂၀၁၈-၂၀၂၁)ကို လုပ်ငန်းဧရိယာ (၅) ခုဖြင့် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည် -

- **လုပ်ငန်းဧရိယာ(၁)။** အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း လုပ်ငန်းတို့ကို ထိရောက် ခိုင်မာစေသည့် အခြေခံကောင်းများ တည်ဆောက်ခြင်း၊
- **လုပ်ငန်းဧရိယာ(၂)။** ကိုယ်ကျင့်သိက္ခာနှင့် ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊
- **လုပ်ငန်းဧရိယာ(၃)။** အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊
- **လုပ်ငန်းဧရိယာ(၄)။** နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေပစ္စည်းများနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ထိရောက်စွာ အကာအကွယ်ပေးခြင်း၊
- **လုပ်ငန်းဧရိယာ(၅)။** အဂတိလိုက်စားမှုကင်းရှင်းသော စီးပွားရေးနယ်ပယ် ဖြစ်ပေါ်စေခြင်း။

## မဟာဗျူဟာစီမံချက်အကောင်အထည်ဖော်မှု

၈။ **လုပ်ငန်းဧရိယာ (၁)။** အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေမည့် အခြေခံကောင်းများ တည်ဆောက်ခြင်းကို အောက်ပါလုပ်ငန်းစဉ်(၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်-

- အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

- ❖ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး၊ အသိပညာပေးရေး အစီအစဉ်များ တစ်နိုင်ငံလုံးပျံ့နှံ့စေရန် တိုးမြှင့်ဆောင်ရွက်ခြင်း၊
- ❖ တိုင်ကြားစာပေးပို့သည့် ယန္တရားကိုပြန်လည်သုံးသပ်ခြင်း၊
- ❖ တိုင်ကြားသူနှင့် သတင်းပေးသူအား အကာအကွယ်ပေးရန် စီမံဆောင်ရွက်ခြင်း၊
- ❖ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတွင် တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းပြီး အလားတူအဖွဲ့များကို အစိုးရဌာန၊ အဖွဲ့အစည်းများတွင်ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၉။ **လုပ်ငန်းဧရိယာ (၂)။** ကိုယ်ကျင့်သိက္ခာနှင့် ပညာရပ်ဆိုင်ရာစွမ်းဆောင်ရည် မြှင့်တင်ခြင်းကို အောက်ပါလုပ်ငန်းစဉ်(၂)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

- ❖ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကော်မရှင်ရုံး ဝန်ထမ်းများ ကျင့်ဝတ်သိက္ခာ စောင့်ထိန်းနိုင်ရန် ကျင့်ဝတ်ချမှတ် ဆောင်ရွက်ခြင်း၊
- ❖ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လူသားအရင်းအမြစ် စီမံခန့်ခွဲမှု အားကောင်းစေရန် အစီအမံများ ချမှတ်ခြင်း။

၁၀။ **လုပ်ငန်းဧရိယာ (၃)။** အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းကို အောက်ပါလုပ်ငန်းစဉ်(၃)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

- ❖ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော် ဆောင်ရွက်မှု သုံးသပ်ရေး ဒုတိယစက်ဝန်း ပြီးမြောက်အောင် ဆောင်ရွက်ခြင်း၊
- ❖ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊
- ❖ ပြည်တွင်း ပူးပေါင်းလက်တွဲဆောင်ရွက်မှု မြှင့်တင်ခြင်း။

၁၁။ **လုပ်ငန်းဧရိယာ (၄)။** နိုင်ငံတော်ပိုင် ဘဏ္ဍာရန်ပုံငွေပစ္စည်းများနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများ ထိရောက်စွာ အကာအကွယ်ပေးခြင်းကို အောက်ပါလုပ်ငန်းစဉ် (၂)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

- ❖ ပြည်သူတို့၏ ယုံကြည်မှုကို မြှင့်တင်ပေးရန် အစိုးရကဏ္ဍတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ပတ်ဝန်းကျင်ကောင်း ဖြစ်ပေါ်စေခြင်း၊
- ❖ လူနည်းစုအကျိုးစီးပွားအတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား ထိခိုက်နစ်နာမှု မရှိစေရန် အကာအကွယ်ပေးခြင်း။

၁၂။ **လုပ်ငန်းဧရိယာ (၅)။** အဂတိလိုက်စားမှုကင်းရှင်းသော စီးပွားရေးနယ်ပယ် ဖြစ်ပေါ်စေခြင်းကို အောက်ပါလုပ်ငန်းစဉ်(၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်-

- ❖ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းကဲ့သို့သော ပြည်တွင်းနှင့် နိုင်ငံတကာ တည်ဆဲဥပဒေများကို အသုံးပြုခြင်းမှတစ်ဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် အလားအလာအသစ်များကို ရှာဖွေခြင်း၊
- ❖ သတင်းအချက်အလက်များကိုမျှဝေရန်နှင့် ကောင်းမွန်သော အလေ့အထများကို ဖလှယ်ရန်အတွက် ကွန်ယက်များ တည်ထောင်ခြင်း၊
- ❖ မြန်မာနိုင်ငံဆိုင်ရာ UN Global Compact Network နှင့် ချိတ်ဆက်မှု ခိုင်မာစေခြင်း၊
- ❖ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများအတွက် ကျင့်ဝတ် ရေးဆွဲခြင်း၊
- ❖ အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးကို တိုက်ဖျက်နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ အသိအမြင်များ တိုးမြှင့်နိုင်ရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။

## ၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက်

၁၃။ ကော်မရှင်၏ ရည်မှန်းချက်ကို ၂၀၁၈ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်(၇)ရပ် ချမှတ်ခဲ့ပါသည်-

- ❖ ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး၊
- ❖ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊
- ❖ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ အသိပညာပေးရေးနှင့် ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေး၊
- ❖ ဝန်ထမ်းများ စွမ်းရည်မြှင့်မားရေး၊
- ❖ အဂတိလိုက်စားမှု ကျူးလွန်သူများအား ထိရောက်စွာ အရေးယူရေး၊
- ❖ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် ပညာပေးရေးအစီအစဉ်များ၊ ဝန်ထမ်း စွမ်းရည်မြှင့်မားရေး အစီအစဉ်များအတွက် ပြည်တွင်း/ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး၊
- ❖ အမြဲမပြတ် စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်ရေး။

## လုပ်ငန်းကော်မတီများဖွဲ့စည်းဆောင်ရွက်ခြင်း

၁၄။ ကော်မရှင်၏ လုပ်ငန်းတာဝန်များကို အောက်ပါ လုပ်ငန်းကော်မတီ (၆) ခုဖြင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည် -

- ❖ မူဝါဒရေးရာလုပ်ငန်းကော်မတီ
- ❖ နိုင်ငံတကာဆက်ဆံရေး၊ လေ့ကျင့်ရေးနှင့်သုတေသနလုပ်ငန်းကော်မတီ
- ❖ ဥပဒေရေးရာလုပ်ငန်းကော်မတီ
- ❖ တိုင်ကြားစာစိစစ်သုံးသပ်ရေးလုပ်ငန်းကော်မတီ
- ❖ ဝန်ထမ်းရေးရာ၊ စည်းကမ်းထိန်းသိမ်းရေးနှင့်လုံခြုံရေးလုပ်ငန်းကော်မတီ
- ❖ ပြန်ကြားရေးလုပ်ငန်းကော်မတီ

## လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း


၁၅။ ကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများအပြင် အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး လုပ်ငန်းတို့အတွက် အောက်ပါ အထူးပြုဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်-

- ❖ ကျောင်းသားလူငယ် ပညာပေးရေးလုပ်ငန်း အစီအမံ ဖော်ဆောင်ရေးအဖွဲ့
- ❖ အဂတိလိုက်စားမှုနှင့်ဆက်စပ်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ နယ်စပ်ဒေသများတွင် ဖြစ်ပွားနေသော လူမှုရေး၊ စီးပွားရေး၊ လက်နက်ကိုင်ပဋိပက္ခများနှင့် စပ်လျဉ်း၍ စူးစမ်းလေ့လာရေးအဖွဲ့
- ❖ အစိုးရစီမံကိန်း လုပ်ငန်းများနှင့် တင်ဒါလုပ်ထုံးလုပ်နည်းများ တိကျသေချာစေရန် စည်းမျဉ်းစည်းကမ်းများ ပြုစုတင်ပြရေးအဖွဲ့

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ စတုတ္ထအကြိမ်ပြင်ဆင်ခြင်း

၁၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ရည်ရွယ်ချက်များကို ပိုမို ထိရောက်စွာအကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၂၀ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေအား ၂၁-၆-၂၀၁၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။



၁၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုစတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေတွင် ပုဒ်မများ အစားထိုးခြင်း (၂၆) ခု၊ ဖြည့်စွက်ပြင်ဆင်ခြင်း (၉)ခုတို့ကို ဆောင်ရွက်ခဲ့ပါသည်။ စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေတွင် အဂတိလိုက်စားမှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရေးအတွက် အဓိကအားဖြင့် အဂတိလိုက်စားမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အား ပြင်ဆင်ခြင်း၊ နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်း ဆုံးရှုံးမှုများအတွက် အရေးယူနိုင်ရေး ဖြည့်စွက်ခြင်း၊ ပုဂ္ဂလိက အဖွဲ့အစည်းများအပေါ် ကျင့်ဝတ်ချမှတ်ကျင့်သုံးစေရေး အမိန့်ထုတ်ပြန်နိုင်ခြင်း၊ ကျော်စောသတင်းနှင့် စပ်လျဉ်း၍ အရေးယူနိုင်ရေး ဖြည့်စွက်ခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်-

**ပုဒ်မ ၃။** ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည် -

(က) **အဂတိလိုက်စားမှု** ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည် -

(၁) မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေတစ်စုံတစ်ရာကိုပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့် မရှိသော အခွင့်အရေးကို ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အား ပေးခြင်း၊ ပေးရန် အားထုတ်ခြင်း သို့မဟုတ် တစ်ဦး တစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန် အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊

(၂) မည်သူမဆို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံ ဆောင်ရွက်သည့် လုပ်ငန်းစဉ်

တွင် ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ် တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင် ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်း။

(ဂ) **ကျော်စောသတင်း** ဆိုသည်မှာ အများပြည်သူအတွင်း ပျံ့နှံ့နေသော သတင်းတစ်ရပ်ရပ်တွင် သူတစ်ဦးဦးသည် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ဤဥပဒေအရ ပြစ်မှုကျူးလွန်မှု ရှိကြောင်း သင်္ကာမကင်းဖွယ်ရာ ဖြစ်ခြင်းအတွက် ခိုင်လုံသည့် အထောက်အထားရှိနိုင်သည်ဟု ကော်မရှင်က ယုံကြည်ရန် အကြောင်းပေါ်ပေါက်သော သတင်းကို ဆိုသည်။

**ပုဒ်မ ၁၆။** ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(တ) တည်ဆဲ ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေမှုများအား လိုအပ်ပါက စစ်ဆေးခြင်း၊

(ထ) မည်သည့် ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းကိုမဆို အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာကျင့်ဝတ်ချမှတ် ကျင့်သုံးစေရေးအတွက် အမိန့်ထုတ်ပြန် ဆောင်ရွက်ခြင်း။

**ပုဒ်မ ၁၇။** ကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ဈ) အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်း တစ်ရပ်ရပ်ကို ကော်မရှင်သည် သတင်းပေးပို့ချက်အဖြစ် သတ်မှတ်နိုင်သည်။

**ပုဒ်မ ၂၀။** ကော်မရှင်သည် အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ တရားဥပဒေအရ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးစေခြင်း ပြုနိုင်သည် -

(ဃ) အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်း ဖြစ်ပေါ်နေခြင်း။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေ အသစ်ရေးဆွဲခြင်း


၁၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေနှင့် အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေကို အသစ် ပြန်လည်ရေးဆွဲ ဆောင်ရွက် ခဲ့ရာ အစီရင်ခံတင်ပြသည့် ကာလအတွင်း ပထမမူကြမ်း ရေးဆွဲပြီး ဖြစ်ပါသည်။

## ကော်မရှင်ကျင့်ဝတ်ရေးဆွဲခြင်းနှင့် အခြေခံမှုများ

၁၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ကောင်းမြတ်သည့် စိတ်ထား၊ ကောင်းမြတ်သော ကိုယ်ကျင့်တရားတို့ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊ ကျင့်ဝတ်နှင့်မညီသော ပြုမူဆောင်ရွက်ချက်များကို ကြိုတင် ကာကွယ်နိုင်ရန်နှင့် လိုက်နာကျင့်သုံးနိုင်ရန် အခြေခံမှု (၆) ချက် ပါဝင်သော ကော်မရှင်၏ ကျင့်ဝတ်ကို ၂၀၁၈ ခုနှစ် မေလ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည် -

**အခြေခံမှုများ**

- ဖြောင့်မတ်တည်ကြည်မှု
- လွတ်လပ်စွာရပ်တည်နိုင်မှု
- တာဝန်ယူမှု
- ပွင့်လင်းမြင်သာမှု
- မျှတမှု
- အားလုံးပါဝင်နိုင်မှု



**ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်ရွက်မှု ဒုတိယစက်ဝန်း လုပ်ငန်းစဉ်များ**

၂၀။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှုကို အောက်ပါ ပြန်လည်သုံးသပ်ရေး စက်ဝန်းနှစ်ခုဖြင့် ဆောင်ရွက်လျက် ရှိပါသည်-

❖ **ပထမအကြိမ် ပြန်လည်သုံးသပ်ရေးစက်ဝန်း** ၂၀၁၀-၂၀၁၅

| **သုံးသပ်သည့်နိုင်ငံ** | **သုံးသပ်ခံနိုင်ငံ** |
|---|---|
| ထိုင်း + ဘူရွန်ဒီ | မြန်မာ |
| မြန်မာ + တိုဂို | ကမ္ဘောဒီးယား |

❖ **ဒုတိယ အကြိမ်ပြန်လည်သုံးသပ်ရေးစက်ဝန်း** ၂၀၁၆-၂၀၂၀

| **သုံးသပ်သည့်နိုင်ငံ** | **သုံးသပ်ခံနိုင်ငံ** |
|---|---|
| မြန်မာ + Cote d'Ivoire | နိုင်ဂျီးရီးယား |
| အီရတ် + ဥဇဘက်ကစ္စတန် | မြန်မာ |

၂၁။ အီရတ်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ မြန်မာနိုင်ငံ၏ကိုယ်တိုင်အကဲဖြတ်ဆန်းစစ်ချက်အား ပြန်လည်သုံးသပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် ကျွမ်းကျင်ပညာရှင်များနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံးမှ ကိုယ်စားလှယ်များသည် ၂၀၁၉ ခုနှစ် မေလအတွင်း မြန်မာနိုင်ငံသို့ လာရောက်၍ တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှု အစည်းအဝေး ကျင်းပပြုလုပ်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါသည်။

## အရှေ့တောင်အာရှအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းအဝေးတက်ရောက်ခြင်း

၂၂။ မြန်မာနိုင်ငံသည် ၁၄-၁၁-၂၀၁၃ ရက်နေ့တွင် အရှေ့တောင်အာရှအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးဝင်ရောက်ခဲ့ပါသည်။ အဖွဲ့၏ နှစ်စဉ်ကျင်းပသော အကြီးအမှူး အစည်းအဝေးနှင့် ရုံးအဖွဲ့အစည်းအဝေးများကို ပုံမှန် တက်ရောက်လျက်ရှိပါသည်-

| စဉ် | ကျင်းပသည့်ခုနှစ် | အစည်းအဝေး | ကျင်းပသည့်နိုင်ငံ |
|---|---|---|---|
| ၁ | ၂၀၁၄ ဒီဇင်ဘာလ | (၁၀)ကြိမ်မြောက် | မလေးရှား |
| ၂ | ၂၀၁၅ ဒီဇင်ဘာလ | (၁၁)ကြိမ်မြောက် | ဘရူနိုင်း |
| ၃ | ၂၀၁၆ ဒီဇင်ဘာလ | (၁၂)ကြိမ်မြောက် | မြန်မာ |
| ၄ | ၂၀၁၇ နိုဝင်ဘာလ | (၁၃)ကြိမ်မြောက် | ဖိလစ်ပိုင် |
| ၅ | ၂၀၁၈ အောက်တိုဘာလ | (၁၄)ကြိမ်မြောက် | စင်ကာပူ |



**နှစ်နိုင်ငံချင်းနားလည်မှုစာချွန်လွှာများ**

၂၃။ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံနားလည်မှု စာချွန်လွှာများကို ၂၀၁၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ အစိုးရစစ်ဆေးရေးဌာနနှင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ အမျိုးသား အဂတိ တိုက်ဖျက်ရေးကော်မရှင်နှင့်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (၂)ဖွဲ့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးခဲ့ပါသည်-

၂၄။ **မြန်မာ-လာအိုနားလည်မှုစာချွန်လွှာရေးထိုးခြင်း။** လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့ နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး နယ်ပယ်အတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အတွက် ၁၅-၁-၂၀၁၈ ရက်နေ့တွင် နေပြည်တော် သမ္မတအိမ်တော်၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်းနှင့် လာအိုနိုင်ငံ၊ အစိုးရစုံစမ်း စစ်ဆေးရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ Mr. Vilayvanh Boutdakham တို့သည် နှစ်ဖက်နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ ကြပါသည်။



၂၅။ **မြန်မာ-ကိုရီးယား နားလည်မှုစာချွန်လွှာရေးထိုးခြင်း။** မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံသို့ အဂတိလိုက်စားမှု အန္တရာယ်ရှိမှု ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ပတ်သက်၍ ကျွမ်းကျင်မှုနည်းပညာနှင့် ပေါ်လစီဆိုင်ရာများ လေ့လာရန် ၂၉-၅-၂၀၁၈ ရက်နေ့မှ ၁-၆-၂၀၁၈ ရက်နေ့ထိ အလုပ်သဘော လေ့လာရေးခရီး သွားရောက်ခဲ့ပြီး အဆိုပါခရီးစဉ်အတွင်း ၃၀-၅-၂၀၁၈ ရက်နေ့တွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ Ms. Pak Un Jong တို့သည် နှစ်ဖက်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြပါသည်။




## နှစ်နိုင်ငံချင်း အစည်းအဝေးများဆောင်ရွက်မှု

၂၆။ **မြန်မာ- ထိုင်းအစည်းအဝေးကျင်းပခြင်း။** ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ၆-၃-၂၀၁၈ ရက်နေ့တွင် ကျင်းပခဲ့သည့် နှစ်နိုင်ငံ အစည်းအဝေးသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် ထိုင်းနိုင်ငံ ၊ အမျိုးသား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ Mr. Watcharapol Prasarnrajkit ဦးဆောင်သောအဖွဲ့တို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံ အဂတိလိုက်စားမှု တားဆီး ကာကွယ်

ရေးဆိုင်ရာ နှစ်ဖက်သဘောထားအမြင်များ ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

၂၇။ **မြန်မာ-ဟောင်ကောင်အစည်းအဝေးကျင်းပခြင်း။** ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသအစိုးရ၊ လွတ်လပ်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ICAC) မှ ကော်မရှင်နာ Mr. Simon Peh Yun Lu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသို့ လာရောက်၍ ကော်မရှင်ဥက္ကဋ္ဌအား ဂါရဝပြုတွေ့ဆုံခဲ့ပြီး ကော်မရှင်အတွင်းရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်အတွက် ပံ့ပိုးပေးနိုင်သည့် သင်တန်းဆိုင်ရာ ကိစ္စရပ်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ပညာပေးအစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပါသည်။

၂၈။ **မြန်မာ-ကိုရီးယားအစည်းအဝေးကျင်းပခြင်း။** ကိုးရီးယားသမ္မတနိုင်ငံတွင် ၂၉-၅-၂၀၁၈ ရက်နေ့မှ ၁-၆-၂၀၁၈ ရက်နေ့အထိ ကျင်းပသော အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ပတ်သက်၍ ကျွမ်းကျင်မှု နည်းပညာနှင့် ပေါ်လစီဆိုင်ရာ ဆွေးနွေးပွဲသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များနှင့် ကိုးရီးယားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပြည်သူ့ အခွင့်အရေးကော်မရှင် (ACRC) ဥက္ကဋ္ဌ Ms. Pak Un Jong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။



၂၉။ **မြန်မာ-ဗီယက်နမ် အစည်းအဝေးများ ကျင်းပခြင်း**

- ❖ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ ၂၇-၈-၂၀၁၈ ရက်နေ့မှ ၃၁-၈-၂၀၁၈ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် နှစ်နိုင်ငံအစည်းအဝေးတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးဆောင်သော အဖွဲ့နှင့် ဗီယက်နမ်နိုင်ငံ၊ အစိုးရစစ်ဆေးရေးဌာန(GIV) စစ်ဆေးရေးမှူးချုပ် H.E. Mr. Le Minh Khai ဦးဆောင်သည့် အဖွဲ့တို့သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။



- ❖ ဗီယက်နမ်နိုင်ငံ၊ အစိုးရစစ်ဆေးရေးဌာန ဒုတိယအကြီးအကဲ Mr. Dang Cong Huan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ၂၀၁၈ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သို့ လာရောက်၍ ကော်မရှင်ဥက္ကဋ္ဌအား ဂါရဝပြုတွေ့ဆုံပြီး ကော်မရှင်အတွင်းရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံ အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ရာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး နှင့် တိုက်ဖျက်ရေးတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

၃၀။ **မြန်မာ-လာအို အစည်းအဝေးကျင်းပခြင်း။** လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့၌ ၂၀-၁၁-၂၀၁၈ ရက်နေ့မှ ၂၃-၁၁-၂၀၁၈ ရက်နေ့ထိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးဇော်ဝင်း ဦးဆောင်သောအဖွဲ့နှင့် လာအို

နိုင်ငံ၊ အစိုးရစစ်ဆေးရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအာဏာပိုင်အဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ Mr. Sinay Mianglavanh ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။



**သံတမန်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား လက်ခံတွေ့ဆုံမှု**

၃၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ အဖွဲ့အစည်းအသီးသီးမှ ကော်မရှင်သို့ ၂၀၁၈ခုနှစ်အတွင်း (၆၂)ကြိမ် လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

**ညီလာခံများ၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်မှု**

၃၂။ **စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြစ်မှုတားဆီးကာကွယ်ရေး၊ လူ့အဖွဲ့အစည်းဘေးကင်းလုံခြုံရေး အဆင့်မြင့်ညီလာခံ တက်ရောက်မှု။** ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ၅-၃-၂၀၁၈ ရက်နေ့တွင် ကျင်းပခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြစ်မှုတားဆီးကာကွယ်ရေး၊ လူ့အဖွဲ့အစည်းဘေးကင်းလုံခြုံရေး အဆင့်မြင့်ညီလာခံ (High Level Conference on Sustainable Development, Crime Prevention and Safe Societies) သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင် ဥက္ကဋ္ဌ

ဦးဆောင်သည့်အဖွဲ့ တက်ရောက်ခဲ့ပြီး အာရှနှင့် ပစိဖိတ် ဒေသအတွင်းရှိ တရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ လေ့လာသူများ စုစုပေါင်း (၂၅၀) ဦးခန့် တက်ရောက်ခဲ့ကြ ပါသည်။ အဆင့်မြင့်ညီလာခံတွင် အစီအစဉ် အပိုင်း (၁) အဖြစ် " အရှေ့တောင်အာရှဒေသ တရားဥပဒေ စိုးမိုးရေးအပေါ် စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အစီအစဉ် အပိုင်း(၂)အဖြစ် " ဒေသဖွံ့ဖြိုးတိုးတက်မှု ပုံသဏ္ဍာန်သစ် ဖော်ဆောင်ရာတွင် စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အစီအစဉ် အပိုင်း (၃) အဖြစ် " စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်ရေး လမ်းပြမြေပုံ " ခေါင်းစဉ်ဖြင့် လည်းကောင်း စကားဝိုင်း ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌက အစီအစဉ် အပိုင်း (၁) တွင် ဦးဆောင် ဆွေးနွေးသူအဖြစ် ပါဝင်ဆွေးနွေးခဲ့သည့်အတွက် ကော်မရှင်၏ ဆောင်ရွက်ချက်များကို အခြားမိတ်ဖက် အဖွဲ့အစည်းများသို့ မျှဝေနိုင်ခဲ့ပါသည်။




၃၃။ **အာဆီယံဒေသတွင်း မျှတသော စီးပွားရေးဝန်းကျင်တစ်ရပ် မြင့်မားတိုးတက်ရေး စီမံကိန်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ တက်ရောက်ခြင်း။** ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ၂၃-၈-၂၀၁၈ ရက်နေ့မှ ၂၄-၈-၂၀၁၈ ရက်နေ့ အထိ ကျင်းပ ပြုလုပ်ခဲ့သည့် UNDP

ဒေသတွင်းစီမံကိန်း "Promoting a Fair Business Environment in ASEAN" ဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲနှင့် Project Board အစည်းအဝေးများသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုး ဦးဆောင်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ပြီး အာဆီယံနိုင်ငံများမှ အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍနှင့် အရပ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ တာဝန်ရှိသူများအပါအဝင် စုစုပေါင်း (၉၀) ဦး တက်ရောက်ကြပါသည်။



၃၄။ **(၉)ကြိမ်မြောက် ကွန်ဗင်းရှင်းအကောင်အထည်ဖော်ဆောင်မှု သုံးသပ်ရေးအဖွဲ့ အစည်းအဝေးနှင့် (၉)ကြိမ်မြောက် အစိုးရအဆင့် အဂတိလိုက်စားမှု တားဆီးကာကွယ် လုပ်ငန်းအဖွဲ့ အစည်းအဝေး တက်ရောက်ခြင်း။** ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် ၃-၉-၂၀၁၈ ရက်နေ့မှ ၅-၉-၂၀၁၈ ရက်နေ့ အထိကျင်းပပြုလုပ်ခဲ့သည့် First Resumed Ninth Session of the Implementation Review Group အစည်းအဝေးနှင့် ၆-၉-၂၀၁၈ ရက်နေ့မှ ၇-၉-၂၀၁၈ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၉)ကြိမ်မြောက် Open-ended Intergovernmental Working Group on the Prevention of Corruption အစည်းအဝေးများသို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုး ခေါင်းဆောင်သည့်အဖွဲ့ တက်ရောက်ခဲ့ပါသည်။



၃၅။ **(၁၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ညီလာခံနှင့် အဂတိလိုက်စားမှု ရှာဖွေတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ မဟာမိတ်အဖွဲ့၏ စတုတ္ထအကြိမ်မြောက်အစည်းအဝေး တက်ရောက်ခြင်း။** ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့တွင် ၂၂-၁၀-၂၀၁၈ ရက်နေ့မှ ၂၄-၁၀-၂၀၁၈ ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့သည့် 18th edition of the International Anti-Corruption Conference (IACC) ညီလာခံနှင့် ၂၅-၁၀-၂၀၁၈ ရက်နေ့မှ ၂၆-၁၀-၂၀၁၈ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် 4th International Corruption Hunters Alliance (ICHA) အစည်းအဝေးများသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့တက်ရောက်ခဲ့ပြီး နိုင်ငံ(၁၄၄)နိုင်ငံမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းနှင့် ပတ်သက်သော အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့များမှ ကိုယ်စားလှယ် စုစုပေါင်း (၁၈၀၀)ကျော် တက်ရောက်ခဲ့ပါသည်။



၃၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဝန်ထမ်းများအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရန်နှင့် ပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် ၂၀၁၈ခုနှစ်အတွင်း ပြည်ပအဖွဲ့အစည်းများမှ ဖိတ်ကြားသည့် အလုပ်ရုံ ဆွေးနွေးပွဲများနှင့်အစည်းအဝေးများ စုစုပေါင်း(၉)ခုသို့ စေလွှတ်တက်ရောက်စေခဲ့ပါသည်။

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား စီစဉ် ဆောင်ရွက်မှု

၃၇။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ကုလသမဂ္ဂ မူးယစ် ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့နှင့် ပူးပေါင်း၍ အပြည်ပြည် ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ၇-၁၂-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့၊ Rose Garden Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ရန်ကုန် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားသံအမတ်များနှင့် သံရုံးတာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ မီဒီယာကဏ္ဍတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အရပ်ဖက် အဖွဲ့ အစည်းများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း (၃၃၀) ဦးခန့် တက်ရောက်ခဲ့ပါသည်။



၃၈။ အဆိုပါအခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံမှ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားအတွက် ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခြင်း၊ အဖွင့်အမှာစကား ပြောကြားခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားခြင်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြပါသည်။




## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီတွင် အဖွဲ့ဝင်အသစ်အဖြစ်ပါဝင်ရေး

၃၉။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်းလုပ်ငန်းများတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အကယ်ဒမီတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။

## စွမ်းဆောင်ရည်မြှင့်တင်ခြင်း

### ကော်မရှင်ရုံးဖွင့်လှစ်ခြင်းနှင့် ဖွဲ့စည်းခြင်း

၄၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးကို ၁၀-၃-၂၀၁၄ ရက်နေ့တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးစခန်း၌ စတင်ဖွင့်လှစ်ခဲ့ပြီး ကော်မရှင်ရုံး၏ ဖွဲ့စည်းပုံအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၇/၂၀၁၄)မှ သဘောတူခွင့်ပြုချက်အရ ၂၈-၈-၂၀၁၄ ရက်နေ့တွင် အရာထမ်းရာထူး (၈၁)နေရာ၊ အမှုထမ်းရာထူး (၁၈၉)နေရာ စုစုပေါင်းရာထူး (၂၇၀) နေရာဖြင့် ဖွဲ့စည်းခဲ့ပါသည်။

### ဖွဲ့စည်းပုံတိုးချဲ့ခြင်း

၄၁။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးကို ပိုမိုထိရောက် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်ရုံး၏မူလဖွဲ့စည်းပုံအား ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂၀/၂၀၁၈)မှ သဘောတူခွင့်ပြုချက်အရ ၂၈-၁၁-၂၀၁၈ ရက်နေ့တွင် ဦးစီးဌာန (၂) ခု၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကော်မရှင်ရုံးခွဲ တစ်ခုစီဖြင့် အရာထမ်းရာထူး (၂၁၄) နေရာ၊ အမှုထမ်းရာထူး (၆၂၄)နေရာ၊ စုစုပေါင်း ရာထူး (၈၃၈) နေရာ တိုးချဲ့ ဖွဲ့စည်းခဲ့ပါသည်။

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးဘာသာရပ်ဆိုင်ရာသင်ရိုးညွှန်းတမ်းများပြုစုခြင်း

၄၂။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၏ နည်းပညာအကူအညီဖြင့် အဂတိလိုက်စားမှု ထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲတင်ခြင်းဆိုင်ရာ စွမ်းဆောင်ရည် မြင့်မားရေးအတွက် သင်တန်းလိုအပ်ချက် အကဲဖြတ်မှု ပြုလုပ်ခဲ့ပြီး အကဲဖြတ်မှုနှင့်အညီ သင်ရိုးညွှန်းတမ်း (၃) မျိုးကို အဆင့်မြင့်၊ အလယ်အလတ်နှင့် အခြေခံ အဆင့်များအတွက် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ၂၀၁၈ ခုနှစ် ဧပြီလတွင် ထုတ်ဝေ ခဲ့ပါသည်။

**သင်တန်းများတက်ရောက်ခြင်း**

၄၃။ နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာပံ့ပိုးမှုအစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သင်တန်း (၆) ခုအား သင်တန်းသား (၁၂၅) ဦး၊ ကော်မရှင်ရုံး အစီအစဉ်ဖြင့် ဝန်ကြီးဌာနများမှ ပြောင်းရွှေ့လာသည့်ဝန်ထမ်းများ အခြေခံ လေ့ကျင့်ရေးသင်တန်းအား သင်တန်းသား (၈၂) ဦး၊ အင်္ဂလိပ်စာဘာသာရပ် အရည်အသွေးမြှင့်တင်ရေးသင်တန်းအား သင်တန်းသား (၂၂) ဦး၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဖွင့်လှစ်သော သင်တန်းများသို့ သင်တန်းသား (၃၄) ဦး စေလွှတ်တက်ရောက်ခဲ့ပါသည်။

၄၄။ နိုင်ငံတကာမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာများ၊ အတွေ့အကြုံများရရှိစေရန်အတွက် ပြည်ပသင်တန်းများသို့ ကော်မရှင်ရုံးမှ ဝန်ထမ်း(၈)ဦးတို့အား စေလွှတ်တက်ရောက်စေခဲ့ပါသည်။

## ကော်မရှင်အစည်းအဝေးများကျင်းပခြင်း

၄၅။ ကော်မရှင် ပုံမှန်အစည်းအဝေးကို အပတ်စဉ် တနင်္လာနှင့် ကြာသပတေးနေ့များတွင် ကျင်းပပြုလုပ်လျက် ရှိပါသည်။ လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးဆောင်ရွက်ကြသည့် အောက်ပါကိစ္စရပ်များအပေါ် ကော်မရှင်အစည်းအဝေးသို့တင်ပြပြီး အတည်ပြုချက် ရယူဆောင်ရွက်လျက် ရှိပါသည်-

- မူဝါဒဆိုင်ရာကိစ္စရပ်များ၊
- အဂတိလိုက်စားမှုဆိုင်ရာ အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေးလုပ်ငန်းများ၊
- ကော်မရှင်၏ ၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊
- နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးများ၊

- ❖ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊
- ❖ ဥပဒေရေးရာကိစ္စရပ်များ၊
- ❖ လက်ခံရရှိသည့်တိုင်ကြားစာများ၊
- ❖ စုံစမ်းစစ်ဆေးသည့်တိုင်ကြားစာများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များ၊
- ❖ တိုင်ကြားစာများအပေါ် ပြန်ကြားချက်များ၊
- ❖ ဝန်ထမ်းရေးရာကိစ္စရပ်များ၊
- ❖ ပြည်သူ့ဆက်ဆံရေးကိစ္စရပ်များ၊
- ❖ ဘဏ္ဍာငွေသုံးစွဲမှုများ။

၄၆။ ကော်မရှင်အစည်းအဝေးများကို ကော်မရှင်အဖွဲ့ဝင် သုံးပုံနှစ်ပုံနှင့်အထက် တက်ရောက်ပါက အစည်းအဝေး အထမြောက်ပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင် တက်ရောက်သူ၏ သုံးပုံနှစ်ပုံနှင့်အထက် သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်ချမှတ်ပါသည်။

# **အခန်း(၂)**

## အသိပညာပေးရေးလုပ်ငန်းများ

## အလုပ်ရုံဆွေးနွေးပွဲများ

၄၇။ ကော်မရှင်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးတို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာ (မူကြမ်း) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်နှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းရေး ပညာရပ်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို နေပြည်တော်၌ ၁၅-၁-၂၀၁၈ ရက်နေ့မှ ၁၇-၁-၂၀၁၈ ရက်နေ့ထိ ကျင်းပခဲ့ပါသည်။

၄၈။ ကော်မရှင်နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံးတို့ ပူးပေါင်း၍ စုံစမ်းစစ်ဆေးရေးနယ်ပယ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဥပဒေလုပ်ထုံး လုပ်နည်း၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ညီညွတ်သည့် စုံစမ်းစစ်ဆေးရေးလက်စွဲ ရေးဆွဲနိုင်ရေး အတွက် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၌ ၂၂-၃-၂၀၁၈ ရက်နေ့နှင့် ၂၀-၁၁-၂၀၁၈ ရက်နေ့တို့တွင် ကျင်းပခဲ့ပါသည်။



၄၉။ ကော်မရှင်နှင့် အမေရိကန်ပြည်ထောင်စု တရားရေးဌာန၏ ပင်လယ်ရပ်ခြား ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ မှုခင်းဆိုင်ရာ စာရင်းအင်းများကို စုံစမ်းဖော်ထုတ်

ရန် စွမ်းဆောင်ရည် မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၌ ၁၂-၁၁-၂၀၁၈ ရက်နေ့မှ ၁၃-၁၁-၂၀၁၈ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။




၅၀။ ကော်မရှင်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးတို့ ပူးပေါင်း၍ နေပြည်တော်၌ ၁၃-၁၂-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး၏ ၂၀၁၉ ခုနှစ် လုပ်ငန်းစီမံချက်ဆိုင်ရာ ဆွေးနွေးပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ပါသည်။

## အသိပညာပေးစာစောင်များ

၅၁။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးအပေါ် အသိပညာပေးမှု အစီအစဉ်အနေဖြင့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာသင်တန်းများ၊ အသိပညာပေးပြခန်းများ၊ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများ၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့

အထိမ်းအမှတ် အခမ်းအနားများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ စာအုပ် (၈၂၅၂) အုပ်၊ ကော်မရှင်ကျင့်ဝတ်စာအုပ် (၁၁၇၉) အုပ်၊ လက်ကမ်းစာစောင် (၅၀၇) စောင် အား ဖြန့်ဝေပေးခဲ့ပါသည်။

## နိုင်ငံပိုင်သတင်းစာများ၊ လူမှုကွန်ယက်စာမျက်နှာ၊ ဝက်ဘ်ဆိုက်နှင့် ရုပ်မြင်သံကြားတို့တွင်အသိပညာပေးဖော်ပြမှုများ

၅၂။ ကော်မရှင်ဝက်ဘ်ဆိုက် (www.accm.gov.mm) ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ တွင် လည်းကောင်း၊ လူမှုကွန်ယက်စာမျက်နှာ (ACC Myanmar Facebook Page) ကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် လည်းကောင်း ဖွင့်လှစ်ထားရှိရာ လူမှုကွန်ယက် စာမျက်နှာ ပေါ်တွင် Follower ဦးရေ တစ်သိန်းခန့် ရှိပါသည်။

၅၃။ ကော်မရှင်သည် နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြား၊ ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ယက် စာမျက်နှာတို့တွင် အောက်ပါတို့ကို ဆောင်ရွက်ထားရှိပါသည်-

(က) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဥ်းသည့် သတင်း၊ ဆောင်းပါး (၆၄) စောင်၊

(ခ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ၊ သတင်းများ (၃၇) ပုဒ်၊

(ဂ) အစိုးရဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှု ရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများပြုလုပ်ရန် တင်ဒါခေါ်ယူသည့် လုပ်ငန်းစဥ်များ၌ နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက် အမှတ်(၁/၂၀၁၇)နှင့်အညီ တင်ဒါ လုပ်ထုံးလုပ်နည်းများအသိပေး တင်ပြချက်ကို **နောက်ဆက်တွဲ(က)** ဖြင့်ဖော်ပြအပ်ပါသည်။

(ဃ) အဂတိလိုက်စားမှု အသိပညာပေးရေး အစီအစဉ်အဖြစ် အောက်ပါရုပ်ပြဇာတ်လမ်းတိုများ ဆောင်ရွက်ခဲ့ပါသည်-


❖ မှန်မှန်ကန်ကန်မျှမျှတတ




❖ ကိုယ်ကျင့်တရားအလေးထား



❖ မှန်တာကိုပြောပါ



❖ ရိုးသားပါ



❖ မျှတသောယှဉ်ပြိုင်ခြင်း



❖ ရထိုက်ခွင့်မရှိသော အခွင့်အရေး ကိုပေးခြင်း



## အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ရှားမှုများ

၅၄။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံးမှ တရားမျှတမှုလက်လှမ်းမီနိုင်ရေးအဖွဲ့နှင့်ပူးပေါင်း၍ ၄-၁၀-၂၀၁၈ ရက်နေ့မှ ၅-၁၀-၂၀၁၈ ရက်နေ့အထိ မန္တလေးမြို့၌ ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်သည့်သင်တန်းသို့ ကော်မရှင်မှ ပါဝင် ဆွေးနွေးခဲ့ပါသည်။

၅၅။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံးမှ တရားမျှတမှုလက်လှမ်းမီနိုင်ရေး အဖွဲ့နှင့်ပူးပေါင်း၍ ၁-၁၀-၂၀၁၈ ရက်နေ့မှ ၂-၁၀-၂၀၁၈ ရက်နေ့အထိ ရန်ကုန်မြို့၌ ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်သည့်သင်တန်းသို့ ကော်မရှင်မှ ပါဝင်ဆွေးနွေးခဲ့ပါသည်။

၅၆။ မြန်မာနိုင်ငံ စာရင်းကောင်စီက ၂၈-၁၀-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် နည်းဥပဒေများနှင့်ပတ်သက်သည့် ဆွေးနွေးပွဲသို့ ကော်မရှင်မှ ပါဝင်ဆွေးနွေးခဲ့ပါသည်။

## သတင်းစာရှင်းလင်းပွဲများနှင့် သတင်းထုတ်ပြန်မှုများ

### သတင်းစာရှင်းလင်းပွဲများ

၅၇။ ၂၀၁၈ ခုနှစ်အတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ မူဝါဒ၊ လုပ်ငန်းအစီအစဉ်၊ လုပ်ငန်းဆောင်ရွက်မှုများအား အများပြည်သူသိရှိနိုင်ရေးအတွက် အောက်ပါ သတင်းစာ ရှင်းလင်းပွဲများကို ပြုလုပ်ခဲ့ပါသည်-

- ❖ ကော်မရှင်၏ စာတမ်းဖတ်ကြား ဆွေးနွေးပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ၆-၁-၂၀၁၈ ရက်နေ့တွင် ကော်မရှင်ရုံး၌ ပြုလုပ်ခဲ့ရာ သတင်း မီဒီယာ (၃၆) ဦး တက်ရောက်ပါသည်။
- ❖ အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့ စာတမ်းဖတ်ကြား ဆွေးနွေးပွဲနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ကော်မရှင်ဥက္ကဋ္ဌက ဦးဆောင်၍ ၂၃-၁-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့ Park Royal Hotel ၌ ပြုလုပ်ခဲ့ရာ သတင်း မီဒီယာ (၅၁) ဦး တက်ရောက်ပါသည်။
- ❖ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၇ (ခ)၊ တိုင်ကြားစာ လက်ခံရရှိမှု၊ အရေးယူဆောင်ရွက်မှုတို့အပေါ် သတင်းစာရှင်းလင်းပွဲကို ၃၁-၃-၂၀၁၈

ရက်နေ့တွင် ကော်မရှင်ရုံး၌ ပြုလုပ်ခဲ့ရာ သတင်းမီဒီယာ (၂၉) ဦး တက်ရောက်ပါသည်။

❖ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဟောင်းအပေါ် တိုင်ကြားစာနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲအား ကော်မရှင်ဥက္ကဋ္ဌဦးဆောင်၍ ၉-၆-၂၀၁၈ ရက်နေ့တွင် ကော်မရှင်ရုံး၌ ပြုလုပ်ခဲ့ရာ သတင်းမီဒီယာ (၅၄)ဦး တက်ရောက်ပါသည်။

❖ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ လိုက်နာရမည့်ကျင့်ဝတ်၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲအား ကော်မရှင်ဥက္ကဋ္ဌဦးဆောင်၍ ၇-၁၂-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့၊ Rose Garden Hotel ၌ ပြုလုပ်ခဲ့ရာ သတင်းမီဒီယာ (၃၆) ဦး တက်ရောက်ပါသည်။

**သတင်းထုတ်ပြန်မှု**

၅၈။ ကော်မရှင်က အရေးယူဆောင်ရွက်မှုများအပေါ် အောက်ပါအတိုင်း သတင်းထုတ်ပြန်ခဲ့ပါသည်-

❖ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး၊ ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့(တ-၂၈၀၈)၊ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဥပဒေအရာရှိ ဒေါ်ယမင်းသန့်(ဥ-၂၉၀၆)နှင့် အထက်တန်းရှေ့နေ ဒေါ်စုကြည် (စဉ်-၄၀၅၃၆) တို့အား ၁၆-၁-၂၀၁၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်နှင့် ဘုတလင်မြို့နယ်၊ တရားရုံးတို့၌ တရားစွဲဆိုမှု၊

- ❖ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး အား ၄-၂-၂၀၁၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်၌ တရားစွဲဆိုမှု၊
- ❖ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်း(၄) ဦးလပြည့်ဂန်း(ခ)ဦးမောင်မောင် အား ၇-၃-၂၀၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၌ တရားစွဲဆိုမှု၊
- ❖ ကျိုက်ထိုမြို့နယ်၊ တရားသူကြီး ဦးဦးသိန်းထွန်းနှင့် အထက်တန်းရှေ့နေ ဒေါ်ခင်ချိုဝင်းတို့အား ၆-၄-၂၀၁၈ ရက်နေ့တွင် ရခိုင်ပြည်နယ် တရားလွှတ်တော်၌ တရားစွဲဆိုမှု၊
- ❖ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်အား ၂၇-၄-၂၀၁၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ တရားလွှတ်တော်၌ တရားစွဲဆိုမှု၊
- ❖ ပြင်ဦးလွင်မြို့နယ်၊ အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင် တို့အား မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ လည်းကောင်း၊ အကြီးတန်းစာရေး အောင်စိုးမိုးအား ပြင်ဦးလွင်မြို့နယ် တရားရုံးမှလည်းကောင်း၊ ၂၆-၄-၂၀၁၈ ရက်နေ့ တွင် စီရင်ချက်ချမှတ်မှု၊
- ❖ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် တိုးချဲ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်အား ၁၆-၇-၂၀၁၈ ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီး တရားလွှတ်တော်၌ တရားစွဲဆိုမှု၊
- ❖ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မိုးအား ၃-၈-၂၀၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၌ တရားစွဲဆိုမှု၊

- ❖ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ မင်းရပ် ရပ်ကွက်၊ ဆရာစံလမ်းသွယ် (၈)နေ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်အေးအား ၁၅-၈-၂၀၁၈ ရက်နေ့တွင် လက်ပံတန်း မြို့နယ်တရားရုံး၌ တရားစွဲဆိုမှု၊
- ❖ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးသူ အား ၂၉-၈-၂၀၁၈ ရက်နေ့တွင် ပဲခူးတိုင်း ဒေသကြီးတရားလွှတ်တော်၌ တရားစွဲဆိုမှု၊
- ❖ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း (၁၃)ဦးတို့အား ၅-၉-၂၀၁၈ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ တရားစွဲဆိုမှု၊
- ❖ သရုပ်ဆောင် အောင်ရဲထွေး အသတ်ခံရခြင်းအမှုကိစ္စတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံးကအမှုရုပ်သိမ်းခွင့်ပြုကြောင်းအမိန့်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်က ကျော်စောသတင်းအဖြစ် စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးသိန်းဇော်၊ ရန်ကုန် အရှေ့ပိုင်းခရိုင် ဥပဒေအရာရှိ ဦးကိုကိုလေး၊ ဒုတိယခရိုင် ဥပဒေအရာရှိ ဒေါ်သစ်သစ်ခင်၊ ဒုတိယခရိုင် တရားသူကြီး ဦးအောင်ကြည်နှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ရွှေပေါက်ကံ နယ်မြေ စခန်းမှူး ရဲအုပ် ချစ်ကိုကို တို့အား ၂၅-၉-၂၀၁၈ ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီး တရားလွှတ်တော်၌ တရားစွဲဆိုမှု၊
- ❖ မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ငွေထုတ်အရာရှိ တိုင်းဦးစီးမှူး ဦးအောင်မြင့်ကျော်နှင့် ဌာနခွဲစာရေး ဒေါ်သူဇာ တို့အား ၂-၁၁-၂၀၁၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ တရားစွဲဆိုမှု၊

- မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ဦးကျော်သူရလှိုင် အား ၁၃-၁၂-၂၀၁၈ ရက်နေ့တွင် မွန်ပြည်နယ်၊ တရားလွှတ်တော် က စီရင်ချက်ချမှတ်မှု၊
- ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်း(၄) ဦးလပြည့်ဝန်း(ခ)မောင်မောင် အား ၁၃-၇-၂၀၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်က စီရင်ချက်ချမှတ်မှု၊
- ရေးမြို့နယ်၊ ခေါဇာမြို့၊ မြို့အုပ်ချုပ်ရေးမှူး ဦးနောင်နောင်လင်းနှင့် ကျုံညဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွန်းကြည် တို့အား ၂၃-၁၁-၂၀၁၈ ရက်နေ့တွင် ရေးမြို့နယ် တရားရုံးက စီရင်ချက်ချမှတ်မှု။

## အသိပညာပေးပြခန်းများ

၅၉။ မြန်မာနိုင်ငံစာရင်းကောင်စီက ဦးဆောင်၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းနှင့်ဝါဏိဇ္ဇတွဲ့ရများအသင်း (မြန်မာနိုင်ငံ) တို့ပူးပေါင်း၍ ၁-၁၂-၂၀၁၈ ရက်နေ့မှ ၂-၁၂-၂၀၁၈ ရက်နေ့အထိ ရန်ကုန် ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် မြန်မာ့ကုန်သွယ်စီးပွားပွဲတော်(၂၀၁၈) ပြပွဲတွင် အများပြည်သူလေ့လာကြည့်ရှုနိုင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးပြခန်း ပါဝင်ပြသခဲ့ပြီး၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်မြို့ Rose Garden Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေးပြခန်း ပြသခဲ့ပါသည်။



## ဖြော့ဖမတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ်များ

၆၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းကို အခြေခံပညာမူလတန်းအဆင့်မှစတင်၍ ဆောင်ရွက်နိုင်ရန်အတွက် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ဆရာကိုင်စာအုပ်ကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြုစုပြီး ၁၈-၁၀-၂၀၁၈ ရက်နေ့တွင် အုပ်ရေ ၄၀၀၀၀ ကို ကော်မရှင်မှ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။






# အခန်း(၃)

## တားဆီးကာကွယ်ရေးလုပ်ငန်းများ

**"အဂတိလိုက်စားမှုတွန်းလှန်ဖို့ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့"စာတမ်းဖတ်ကြားဆွေးနွေးခြင်း**

၆၁။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးတို့ ပူးပေါင်း၍ ၂၂-၁-၂၀၁၈ ရက်နေ့မှ ၂၃-၁-၂၀၁၈ ရက်နေ့အထိ ရန်ကုန်မြို့၊ Park Royal Hotel ၌ **"အဂတိလိုက်စားမှု တွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာ မြှင့်တင်စို့"** ခေါင်းစဉ် ဖြင့် စာတမ်းဖတ်ကြားဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။




၆၂။ စာတမ်းဖတ်ကြားဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ စီးပွားရေးပညာရှင်များဖြစ်သော ဆရာကြီးဦးမြင့်၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ တရားလွှတ်တော်ရှေ့နေ ဦးမြသိန်း၊ ဦးခင်မောင်ညို (ဘောဂဗေဒ)၊ စာတမ်းရှင် (၂၆) ဦး၊ စိတ်ပါဝင်စားသောပညာရှင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ စုစုပေါင်း (၃၀၉) ဦး တက်ရောက်ပါသည်။

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်တို့တွင် ဟောပြောဆွေးနွေးခြင်း

၆၃။ ၂၀၁၈ ခုနှစ်အတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေးနှင့် အသိပညာပေးရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာန (၄) ခုတွင် ဟောပြောဆွေးနွေးခြင်း၊ သင်တန်းများတွင် ပို့ချခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ဖွင့်လှစ်သည့် သင်တန်းများတွင် ပို့ချခြင်းတို့ကို ဖော်ပြအပ်ပါသည်-

| ရက်စွဲ | ပို့ချသူအမည် | သင်တန်းအမည် | တက်ရောက်သူ |
|---|---|---|---|
| ၇-၂-၂၀၁၈ | ဦးဇော်ဝင်း ကော်မရှင်အဖွဲ့ဝင် | အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂) (အထက်မြန်မာပြည်) | (၄၅) ဦး |
| ၁၆-၂-၂၀၁၈ | ဒေါ်ခင်မိုးဆွေ ဒု-ညွှန်ကြားရေးမှူး | အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ်(၃)(အထက်မြန်မာ ပြည်) | (၁၃၇) ဦး |
| ၁၂-၃-၂၀၁၈ | ဦးဟန်ညွန့် ကော်မရှင်အဖွဲ့ဝင် | ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လေးလပတ် ညှိနှိုင်းအစည်းအဝေး | (၃၉၀) ဦး |
| ၁၃-၆-၂၀၁၈ | ဦးဇော်ဝင်း ကော်မရှင်အဖွဲ့ဝင် | အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၃) (အောက်မြန်မာပြည်) | (၄၅) ဦး |
| ၆-၇-၂၀၁၈ | ဦးဇော်ဝင်း ကော်မရှင်အဖွဲ့ဝင် | အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၁) (အထက်မြန်မာပြည်) | (၄၃) ဦး |
| ၁၁-၇-၂၀၁၈ | ဦးထွန်းထွန်းဝင်း ညွှန်ကြားရေးမှူး | အလယ်အလတ်အဆင့်အရာထမ်းစီမံခန့်ခွဲ မှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်းအမှတ်စဉ်(၁) | (၁၅၀) ဦး |
| ၁၇-၇-၂၀၁၈ | ဦးဟန်ညွန့် ကော်မရှင်အဖွဲ့ဝင် | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | (၂၅၀) ဦး |

| ရက်စွဲ | ပို့ချသူအမည် | သင်တန်းအမည် | တက်ရောက်သူ |
|---|---|---|---|
| ၃-၈-၂၀၁၈ | ဦးဟန်ညွန့် ကော်မရှင်အဖွဲ့ဝင် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၅) | (၂၄) ဦး |
| ၁၅-၈-၂၀၁၈ | ဒေါ်ခင်မိုးဆွေ ဒု-ညွှန်ကြားရေးမှူး | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး/ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းအမှတ်စဉ်(၁) (ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်) | (၁၃၂) ဦး |
| ၁၄-၉-၂၀၁၈ | ဦးဇော်ဝင်း ကော်မရှင်အဖွဲ့ဝင် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂) (အောက်မြန်မာပြည်) | (၂၀) ဦး |
| ၂၁-၉-၂၀၁၈ | ဦးဇော်ဝင်း ကော်မရှင်အဖွဲ့ဝင် | အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍အသိပညာပေးဟောပြောမှု(မြန်မာ့အာမခံလုပ်ငန်း၊ရန်ကုန်မြို့) | (၁၅၀) ဦး |
| ၁-၁၀-၂၀၁၈ မှ ၂-၁၀-၂၀၁၈ ထိ | ဦးလင်းဝေအောင် ဒု-ညွှန်ကြားရေးမှူး | UNODC နှင့် A2JI တို့ ပူးပေါင်းဖွင့်လှစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်သည့်သင်တန်း (ရန်ကုန်မြို့) | (၃၀) ဦး |
| ၄-၁၀-၂၀၁၈ မှ ၅-၁၀-၂၀၁၈ ထိ | ဦးထွန်းထွန်းဝင်း ညွှန်ကြားရေးမှူး | UNODC နှင့် A2JI တို့ ပူးပေါင်းဖွင့်လှစ်သည့်အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်ပတ်သက်သည့်သင်တန်း (မန္တလေးမြို့) | (၂၅) ဦး |
| ၁၁-၁၀-၂၀၁၈ | ဦးအောင်ကြည် ကော်မရှင်ဥက္ကဋ္ဌ ဦးစန်းဝင်း အတွင်းရေးမှူး | နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်ရုံး၊ ဒုတိယအကြီးအကဲ သင်တန်းအမှတ်စဉ် (၁/၂၀၁၈) တွင် အဂတိ လိုက်စားမှု တိုက်ဖျက်ရေးဥပဒေအား အကောင်အထည်ဖော် ဆောင်ရွက် နေမှုများနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးပို့ချခြင်း | (၁၃) ဦး |

| ရက်စွဲ | ပို့ချသူအမည် | သင်တန်းအမည် | တက်ရောက်သူ |
|---|---|---|---|
| ၂၈-၁၀-၂၀၁၈ | ဦးသန့်ဇော် ဒု-ညွှန်ချုပ် ဦးထွန်းထွန်းဝင်း ညွှန်ကြားရေးမှူး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန် သင်တန်းကျောင်း ခန်းမ၌ ပြုလုပ်သည့် ဝါဏိဇ္ဇ ဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) (Commerce Graduates' Association) (CGA) (Myanmar) အနေဖြင့်လစဉ် စီးပွားရေး ပညာရပ်ဆိုင်ရာ ဟောပြောပွဲ များ၊ အလုပ်ရုံဆွေးနွေးပွဲများတွင် 'အဂတိ လိုက်စားမှု ဥပဒေများနှင့် နည်းဥပဒေများ အကြောင်း' ခေါင်းစဉ်ဖြင့် ဟောပြောပွဲ | (၂၀၀) ဦး |
| ၃၁-၁၀-၂၀၁၈ | ဦးဟန်ညွန့် ကော်မရှင်အဖွဲ့ဝင် | အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၄) ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) | (၃၂) ဦး |
| ၃၁-၁၀-၂၀၁၈ | ဦးအေးမင်းသောင်း လ/ထညွှန်မှူး | ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး/ ဦးစီး အရာရှိများ လုပ်ငန်း စွမ်းဆောင်ရည် မြင့်မားရေးသင်တန်း အမှတ်စဉ်(၂) (ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ) | (၁၃၃) ဦး |
| ၂၉-၁၁-၂၀၁၈ | ဦးသန့်ဇော် ဒု-ညွှန်ချုပ် | ခရိုင်မြို့နယ် အုပ်ချုပ်ရေးမှူး/ ညွှန်ကြား ရေးမှူးများလုပ်ငန်း စွမ်းဆောင်ရည် မြင့်မားရေးသင်တန်း အမှတ်စဉ်(၁) (ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ) | (၆၀) ဦး |
| ၃-၁၂-၂၀၁၈ | ဦးဟန်ညွန့် ကော်မရှင်အဖွဲ့ဝင် | အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၁၂) ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | (၃၆) ဦး |

## တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ

၆၄။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်း၍ **"စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျင့်ဝတ်သိက္ခာ"** အလုပ်ရုံဆွေးနွေးပွဲကို ၁၇-၁၁-၂၀၁၈ ရက်နေ့တွင် မကွေးမြို့၊မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း၊ ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ကိုယ်စားလှယ်များ၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အဖွဲ့အစည်း အဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စုစုပေါင်း အင်အား(၄၀၀)ကျော် တက်ရောက်ပါသည်။



၆၅။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ပူးပေါင်း၍ ၆-၁၂-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့ Rose Garden Hotel ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့်အတူ **"အဂတိလိုက်စားမှု**

**တားဆီးကာကွယ်ဖို့ တာဝန်ယူမှု မြှင့်တင်ကြပါစို့"** ခေါင်းစဉ်ဖြင့် ဖိုရမ်ကို ပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ရေးရာ ကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ စီးပွားရေးပညာရှင် ဦးမြင့်၊ ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်တို့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ပညာရေးဝန်ကြီးဌာနမှ ဘွဲ့လွန်သင်တန်းသားများ၊ တက္ကသိုလ် ကျောင်းသားကျောင်းသူများ၊ သတင်းမီဒီယာများနှင့် ကော်မရှင်ရုံးဝန်ထမ်းများ စုစုပေါင်း အင်အား (၃၈၀) ခန့် တက်ရောက်ပါသည်။




**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှင့် တွေ့ဆုံဆွေးနွေးခြင်း**

၆၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(ကုန်သည်-စက်မှု)တို့ ပူးပေါင်း

၍ ၂-၇-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့ (ကုန်သည်-စက်မှု) အသင်းချုပ်ရုံး၌ ကျင်းပသည့် Developing Code of Conduct on Business Integrity ဆွေးနွေးပွဲသို့ ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကုန်သည်-စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် အသင်းဝင်များ (၂၀၀)ဦးခန့် တက်ရောက်ကြပါသည်။




## တင်ဒါလုပ်ထုံးလုပ်နည်းများဆွေးနွေးခြင်း

၆၇။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်း၍ ၁၇-၁၁-၂၀၁၈ ရက်နေ့တွင် မကွေးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် **"စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ကျင့်ဝတ်သိက္ခာ"** အလုပ်ရုံဆွေးနွေးပွဲတွင် ကော်မရှင်အနေဖြင့် အစိုးရ ဌာန အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ပြုလုပ်ရန် တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်များ၌ လိုက်နာဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ (၁/၂၀၁၇)နှင့် စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် ဆွေးနွေးပါသည်။

## ပိုင်ဆိုင်မှုကြေညာခြင်း မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲ

၆၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၈) ပါ ပိုင်ဆိုင်မှုကြေညာခြင်း ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ ၁၃-၆-၂၀၁၈ ရက်နေ့မှ ၁၄-၆-၂၀၁၈ ရက်နေ့အထိ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး၏ နည်းပညာအကူအညီဖြင့်ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်း (၃၀) ဦး တက်ရောက်ကြပါသည်။

## အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ချက်များ

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက်

၆၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ တို့က အဂတိလိုက်စားမှုအားဆန့်ကျင်ခြင်း ပူးတွဲ ကြေညာချက်ကို ၂-၇-၂၀၁၈ရက်နေ့တွင် ရန်ကုန်မြို့၊ (ကုန်သည်-စက်မှု)အသင်းချုပ်ရုံး၌ လက်မှတ်ရေးထိုးပြီးထုတ်ပြန်ကြေညာခဲ့ပါသည်။ ကြေညာချက်ကို **နောက်ဆက်တွဲ(ခ)** ဖြင့် ဖော်ပြအပ်ပါသည်။

### စီးပွားရေးလုပ်ငန်းဆိုင်ရာကျင့်ဝတ်များ ချမှတ်ဆောင်ရွက်ရေး အမိန့်ကြော်ငြာစာ

၇၀။ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များ ရေးဆွဲနိုင်ရေးနှင့် အဖွဲ့အစည်းအတွင်း သင့်လျော်သောထိန်းချုပ်မှုနည်းလမ်းများ ချမှတ်နိုင်ရေးတို့အတွက် ၁၉-၁၀-၂၀၁၈ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ(၁၄/၂၀၁၈)ကို **နောက်ဆက်တွဲ (ဂ)** ဖြင့် ဖော်ပြအပ်ပါသည်။

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းရေးဆောင်ရွက်ခြင်း

၇၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၁) လုပ်ငန်းဧရိယာ(၁)၊ လုပ်ငန်းစဉ် (၅) ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တွင် တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းပြီး အလားတူအဖွဲ့များကို အစိုးရဌာန အဖွဲ့အစည်းများ၌ ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် ချမှတ်ချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရွေ့ပြေးစီမံချက်အား ပြည်ထောင်စုဝန်ကြီးဌာန (၁၄) ခုတွင် ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

# အခန်း(၄)


## စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူဆောင်ရွက်ခြင်း

## တိုင်ကြားစာများအပေါ် စီမံဆောင်ရွက်ခြင်း

### တိုင်ကြားစာများ လက်ခံရရှိမှု

၇၂။ ၂၀၁၈ ခုနှစ်အတွင်း တိုင်ကြားစာ စုစုပေါင်း **၁၀၅၄၃ စောင်** လက်ခံ ရရှိပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ နှစ်အလိုက် တိုင်ကြားစာများ လက်ခံရရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**နှစ်အလိုက် တိုင်ကြားစာ လက်ခံရရှိမှု**




၇၃။ ၂၀၁၈ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် တိုင်ကြားစာများ လက်ခံ ရရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်အမည် | တိုင်စာအရေအတွက် |
|---|---|---|
| ၁ | နေပြည်တော် | ၃၉၆ |
| ၂ | ကချင်ပြည်နယ် | ၁၈၆ |
| ၃ | ကယားပြည်နယ် | ၁၄ |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်အမည် | တိုင်စာအရေအတွက် |
|---|---|---|
| ၄ | ကရင်ပြည်နယ် | ၁၄၅ |
| ၅ | ချင်းပြည်နယ် | ၈၇ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၈၈၅ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၁၇၄ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၁၁၈၁ |
| ၉ | မကွေးတိုင်းဒေသကြီး | ၅၉၁ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၁၈၇၇ |
| ၁၁ | မွန်ပြည်နယ် | ၄၈၂ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၄၅၂ |
| ၁၃ | ရခိုင်ပြည်နယ် | ၃၁၂ |
| ၁၄ | ရှမ်းပြည်နယ် | ၅၃၀ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၃၁ |
| စုစုပေါင်း | | ၁၀၅၄၃ |

၇၄။ ကော်မရှင်မှ လက်ခံရရှိသည့် တိုင်ကြားစာများအား အမျိုးအစား (၄) မျိုး ခွဲခြား ဖော်ပြအပ်ပါသည်-


| စဉ် | တိုင်ကြားစာလက်ခံရရှိမှု | အရေအတွက် |
|---|---|---|
| ၁ | နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့က တာဝန်ပေးအပ်ခြင်း | ၆၃ |
| ၂ | ကော်မရှင်ထံ လိပ်မူ၍ တိုင်ကြားခြင်း | ၈၆၅၂ |
| ၃ | တိုင်ကြားစာ မိတ္တူပေးပို့ခြင်း | ၁၇၉၈ |
| ၄ | ပစ်စာ | ၃၀ |

၇၅။ ကော်မရှင်မှ လက်ခံရရှိသည့် တိုင်ကြားစာများအပေါ် အကြောင်းအရာ ကိစ္စရပ် (၇)ရပ် ခွဲခြားဖော်ပြအပ်ပါသည်-

| စဉ် | တိုင်ကြားသည့်အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | အဂတိလိုက်စားကြောင်း ဖော်ပြတိုင်တန်းမှု | ၄၆ |
| ၂ | စီမံခန့်ခွဲရေး/အုပ်ချုပ်ရေးဆိုင်ရာ လွဲမှားဆောင်ရွက်မှု | ၁၈၈၃ |
| ၃ | လယ်ယာမြေစီမံခန့်ခွဲမှု | ၁၉၁၇ |
| ၄ | တရားစီရင်မှု | ၁၆၉၀ |
| ၅ | ဌာနတွင်းပုဂ္ဂိုလ်ရေး မမှန်မကန် ဆောင်ရွက်မှု | ၄၂၉၇ |
| ၆ | တိုင်ကြားစာ ပြန်လည်ရုပ်သိမ်းမှု | ၁၉ |
| ၇ | အထွေထွေ | ၆၉၁ |

## တိုင်ကြားစာများစိစစ်မှု

၇၆။ ၂၀၁၈ခုနှစ်အတွင်း လက်ခံရရှိသည့် တိုင်ကြားစာများအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေကို ဖော်ပြအပ်ပါသည်-



## တိုင်ကြားစာများ လွှဲပြောင်းပေးပို့မှု

၇၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်ခြင်းမရှိသော်လည်း စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး၊ မြေယာကိစ္စ၊ တရားစီရင်ရေးတို့နှင့် သက်ဆိုင်သည့် တိုင်ကြားစာများ အပေါ်လိုအပ်သလို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများသို့ (၃၁-၁၂-၂၀၁၈) ရက်နေ့အထိ လွှဲပြောင်းပေးပို့မှုကို ဖော်ပြအပ်ပါသည်-

| စဉ် | ဌာနအမည် | လွှဲပြောင်းစာစုစုပေါင်း |
|---|---|---|
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁၀၄ |
| ၂ | ပြည်ထဲရေး | ၂၄၉ |
| ၃ | ကာကွယ်ရေး | ၈ |
| ၄ | နယ်စပ်ရေးရာ | ၃ |
| ၅ | ပြန်ကြားရေး | ၃ |
| ၆ | သာသနာရေး | ၈ |
| ၇ | စိုက်/မွေး/ဆည် | ၁၀၇ |
| ၈ | ပို့ဆောင်ရေး/ဆက်သွယ်ရေး | ၁၇ |
| ၉ | သယံဇာတ/ပတ်ဝန်းကျင် | ၃၆ |
| ၁၀ | လျှပ်စစ်/စွမ်းအင် | ၁၇ |
| ၁၁ | အလုပ်သမား/လဝက | ၂၉ |
| ၁၂ | စီးပွား/ကူးသန်း | ၃ |
| ၁၃ | ပညာရေး | ၅၁ |
| ၁၄ | ကျန်းမာရေး/အားကစား | ၂၉ |
| ၁၅ | စီမံ/ဘဏ္ဍာ | ၁၂ |
| ၁၆ | ဆောက်လုပ်ရေး | ၇ |
| ၁၇ | ဟိုတယ်/ခရီး | ၂ |
| ၁၈ | ပြည်ထောင်စု ရှေ့နေချုပ်ရုံး | ၂၂ |
| ၁၉ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၄ |
| ၂၀ | နေပြည်တော်ကောင်စီ | ၃၁ |

| စဉ် | ဌာနအမည် | လွှဲပြောင်းစာစုစုပေါင်း |
|---|---|---|
| ၂၁ | ကချင်ပြည်နယ်အစိုးရ | ၉ |
| ၂၂ | ကယားပြည်နယ်အစိုးရ | ၁ |
| ၂၃ | ကရင်ပြည်နယ်အစိုးရ | ၁၂ |
| ၂၄ | ချင်းပြည်နယ်အစိုးရ | ၂၂ |
| ၂၅ | စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ | ၁၀၂ |
| ၂၆ | တနင်္သာရီတိုင်းဒေသကြီး အစိုးရ | ၂၃ |
| ၂၇ | ပဲခူးတိုင်းဒေသကြီးအစိုးရ | ၁၅၅ |
| ၂၈ | မကွေးတိုင်းဒေသကြီးအစိုးရ | ၇၈ |
| ၂၉ | မန္တလေးတိုင်းဒေသကြီး အစိုးရ | ၁၆၈ |
| ၃၀ | မွန်ပြည်နယ်အစိုးရ | ၄၃ |
| ၃၁ | ရန်ကုန်တိုင်းဒေသကြီး အစိုးရ | ၁၉၇ |
| ၃၂ | ရခိုင်ပြည်နယ်အစိုးရ | ၂၉ |
| ၃၃ | ရှမ်းပြည်နယ်အစိုးရ | ၃၅ |
| ၃၄ | ဧရာဝတီတိုင်းဒေသကြီး အစိုးရ | ၁၆၁ |
| ၃၅ | ရန်ကုန်မြို့တော်စည်ပင် | ၈ |
| ၃၆ | မန္တလေးမြို့တော်စည်ပင် | ၁ |
| ၃၇ | ရှေ့နေများကောင်စီ | ၃ |
| ၃၈ | ရင်းနှီးမြှုပ်နှံမှုကော်မရှင် | ၂ |
| ၃၉ | လယ်/စီ ဗဟိုအဖွဲ့ | ၃ |
| ၄၀ | လူ့အခွင့်အရေးကော်မရှင် | ၁ |
| | စုစုပေါင်း | ၁၇၉၅ |

## တိုင်ကြားသူများထံ အသိပေး ပြန်ကြားမှု

၇၈။ ကော်မရှင်သို့လိပ်မူပေးပို့သည့် တိုင်ကြားစာများအနက် တိုင်ကြားစာ(၈၀၉၂)စောင် အပေါ် ပြည်သူများထံ အကြံပြုချက်များဖြင့် အသိပေးပြန်ကြားပြီး ဖြစ်ပါသည်။

၈၁။ ၂၀၁၄-၂၀၁၇ ခုနှစ်အတွင်း စုံစမ်းစစ်ဆေး တရားစွဲတင်ပို့ခဲ့သည့် ရာထူး/အဆင့် အလိုက် အရေးယူ ဆောင်ရွက်မှုကို ဖော်ပြအပ်ပါသည်-

| စဉ် | ရာထူး/အဆင့် | ၂၀၁၄ ခုနှစ် | ၂၀၁၅ ခုနှစ် | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် |
|---|---|---|---|---|---|
| ၁ | နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ | | | | |
| ၂ | အဆင့်မြင့်အရာရှိ | | ၁ | | |
| ၃ | အရာထမ်း | ၄ | | ၄ | ၈ |
| ၄ | အမှုထမ်း | ၁ | ၁ | ၇ | ၈ |
| ၅ | ပြည်သူ့ဝန်ထမ်း | ၁ | ၂ | ၁ | ၁၂ |
| | စုစုပေါင်း | ၆ | ၄ | ၁၂ | ၂၈ |

၈၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၀ (ခ) အရ လွှဲပြောင်းမှုအပေါ် အရေးယူဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရာထူး အဆင့် | အရေးယူဆောင်ရွက်မှု | | | | | | | | | | စုစုပေါင်း (လူဦးရေ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | စာဖြင့်သတိပေး | နှစ်တိုးလစာရပ်ဆိုင်း | ရာထူးတိုးရပ်ဆိုင်း | လစာနှုန်းထားလျှော့ | ရာထူးအဆင့်လျှော့ | တာဝန်မှရပ်စဲ | ဝန်ထမ်းမှထုတ်ပစ် | လျှော့ပေါ့ပင်စင်ခံစား | ရဲအမှုထမ်းသက်လျှော့ | အရေးယူရန်အကြောင်းကြား | |
| ၁ | နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ | | | | | | | | | | | |
| ၂ | အရာထမ်း | ၅ | ၂ | ၆ | ၂ | ၁ | | | ၁ | | ၂ | ၁၉ |
| ၃ | အမှုထမ်း | ၆ | ၁၀ | ၁၂ | | ၆ | ၃ | ၂ | | ၈ | ၅ | ၅၂ |
| ၄ | ပြည်သူ့ဝန်ထမ်း | ၃ | | | | | ၁ | | | | | ၄ |
| | စုစုပေါင်း | ၁၄ | ၁၂ | ၁၈ | ၂ | ၇ | ၄ | ၂ | ၁ | ၈ | ၇ | ၇၅ |

၈၃။ စုံစမ်းစစ်ဆေးခဲ့သည့် တိုင်ကြားစာများနှင့်စပ်လျဉ်း၍ သက်သေများစစ်ဆေးမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | စုံစမ်းစစ်ဆေးရေးဖွဲ့စည်းမိန့်အမှတ် | စုံစမ်းစစ်ဆေးသည့်နေရာ | စုံစမ်းစစ်ဆေးသည့်သက်သေအရေအတွက် (ဦးရေ) |
|---|---|---|---|
| ၁ | (၂/၂၀၁၈) | ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတမြို့ | ၁၀ |
| ၂ | (၃/၂၀၁၈) | ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ | ၃၉ |
| ၃ | (၄/၂၀၁၈) | ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့ | ၂၃ |
| ၄ | (၅/၂၀၁၈)<br>(၈/၂၀၁၈) | နေပြည်တော်၊ ကော်မရှင်ရုံး<br>ရန်ကုန်တိုင်းဒေသကြီး၊<br>ကျောက်တံတားမြို့နယ် | ၄၀ |
| ၅ | (၆/၂၀၁၈) | ရခိုင်ပြည်နယ်၊ ပေလဲမြို့ | ၁၈ |
| ၆ | (၇/၂၀၁၈) | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် | ၃၇ |
| ၇ | (၉/၂၀၁၈) | နေပြည်တော်၊ ကော်မရှင်ရုံး | ၃ |
| ၈ | (၁၀/၂၀၁၈) | နေပြည်တော်၊ ကော်မရှင်ရုံး | ၂၆ |
| ၉ | (၁၁/၂၀၁၈) | စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ် | ၂၂ |
| ၁၀ | (၁၂/၂၀၁၈) | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်<br>နေပြည်တော်၊ ကော်မရှင်ရုံး | ၂၇ |
| ၁၁ | (၁၃/၂၀၁၈) | နေပြည်တော်၊ ကော်မရှင်ရုံး | ၁၂ |
| ၁၂ | (၁၄/၂၀၁၈) | နေပြည်တော်၊ ကော်မရှင်ရုံး<br>ရန်ကုန်တိုင်းဒေသကြီး၊ | ၁၄ |
| ၁၃ | (၁၇/၂၀၁၈) | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် | ၃၃ |
| ၁၄ | (၁၈/၂၀၁၈) | ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် | ၂၉ |
| ၁၅ | (၁၉/၂၀၁၈) | စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ | ၂၀ |

| စဉ် | စုံစမ်းစစ်ဆေး ရေးဖွဲ့စည်းမိန့် အမှတ် | စုံစမ်းစစ်ဆေးသည့် နေရာ | စုံစမ်းစစ်ဆေး သည့်သက်သေ အရေအတွက် (ဦးရေ) |
|---|---|---|---|
| ၁၆ | (၂၀/၂၀၁၈) | နေပြည်တော်၊ ကော်မရှင်ရုံး ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့ | ၃၅ |
| ၁၇ | (၂၁/၂၀၁၈) | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့ | ၁၀၆ |
| ၁၈ | (၂၂/၂၀၁၈) | နေပြည်တော်၊ ကော်မရှင်ရုံး ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ | ၂၅ |
| ၁၉ | (၂၃/၂၀၁၈) | ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့ | ၁၈ |
| ၂၀ | (၂၄/၂၀၁၈) | နေပြည်တော်၊ ကော်မရှင်ရုံး ရန်ကုန်တိုင်းဒေသကြီး၊ | ၂၃ |
| ၂၁ | (၂၆/၂၀၁၈) | မန္တလေးတိုင်းဒေသကြီး၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန | ၂၅ |
| ၂၂ | (၂၇/၂၀၁၈) | ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့ | ၁၃ |
| ၂၃ | (၂၈/၂၀၁၈) | ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့ | ၁၈ |
| ၂၄ | (၂၉/၂၀၁၈) | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် | ၆၁ |
| ၂၅ | (၃၀/၂၀၁၈) | မန္တလေးတိုင်းဒေသကြီး | ၆၂ |
| ၂၆ | (၃၁/၂၀၁၈) | နေပြည်တော်၊ ကော်မရှင်ရုံး မန္တလေးတိုင်းဒေသကြီး | ၅၀ |
| ၂၇ | (၃၃/၂၀၁၈) | နေပြည်တော်၊ ကော်မရှင်ရုံး ရခိုင်ပြည်နယ်၊ စစ်တွေမြို့ | ၄၀ |
| ၂၈ | (၃၄/၂၀၁၈) | နေပြည်တော်၊ ကော်မရှင်ရုံး ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် | ၉ |
| ၂၉ | (၃၅/၂၀၁၈) | နေပြည်တော်၊ ကော်မရှင်ရုံး ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် | ၁၀ |
| ၃၀ | (၃၆/၂၀၁၈) | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် | ၅၀ |
| ၃၁ | (၃၉/၂၀၁၈) | ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်/ ငါးသိုင်းချောင်းမြို့ | ၃၁ |

| စဉ် | စုံစမ်းစစ်ဆေးရေးဖွဲ့စည်းမိန့်အမှတ် | စုံစမ်းစစ်ဆေးသည့်နေရာ | စုံစမ်းစစ်ဆေးသည့်သက်သေအရေအတွက် (ဦးရေ) |
|---|---|---|---|
| ၃၂ | (၄၀/၂၀၁၈) | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် | ၁၁ |
| ၃၃ | (၄၂/၂၀၁၈) | နေပြည်တော် ကော်မရှင်ရုံး၊<br>ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး<br>အောင်မြေသာစံမြို့နယ် | ၁၃ |
| ၃၄ | (၄၃/၂၀၁၈) | ရခိုင်ပြည်နယ်၊ ဂွမြို့ | ၁၃ |
| ၃၅ | (၄၅/၂၀၁၈)<br>(၄၆/၂၀၁၈) | ရခိုင်ပြည်နယ်၊ ဂွမြို့ | ၆၉ |
| ၃၆ | (၄၈/၂၀၁၈) | ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့ | ၂၅ |
| ၃၇ | (၄၉/၂၀၁၈) | ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့ | ၄၁ |
| စုစုပေါင်း | | | ၁၁၀၁ |

## ကျော်စောသတင်းအရ စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုတင်ပို့မှု

၈၄။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ရာဇဝတ်ကြီးမှု အမှတ်၊ ၃၄/၂၀၁၈၊ တရားလို ဦးသန့်ဇင်ဦး က တရားခံ သန်းထွဋ်အောင်(ခ) သားကြီးပါ ၃ ဦး အပေါ်စွဲဆိုထားသည့် သရုပ်ဆောင် အောင်ရဲထွေး သေဆုံးခဲ့ရသည့်အမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက အမှုရုပ်သိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က ကျော်စောသတင်းအဖြစ် စုံစမ်းစစ်ဆေးခဲ့ပါသည်။ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဟန်ထူး၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးသိန်းဇော်၊ ခရိုင်ဥပဒေအရာရှိ ဦးကိုကိုလေး၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဒေါ်သစ်သစ်ခင်၊ ဒုတိယခရိုင်တရားသူကြီး ဦးအောင်ကြည်နှင့် လ ၁၆၆၉၅၄ ရဲအုပ် ချစ်ကိုကို တို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် ငြိစွန်းကြောင်း တွေ့ရှိရသဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားစွဲဆို တင်ပို့ခဲ့ပါသည်။

## အဂတိလိုက်စားမှုကြောင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း

၈၆။ ၂၀၁၈ ခုနှစ်အတွင်း ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် မြန်မာငွေကျပ် (၃၀.၈၉၀)သန်းနှင့် အမေရိကန်ဒေါ်လာ (၄.၀၀၃)သန်းကို သိမ်းဆည်းနိုင်ခဲ့ပါသည်။

| စဉ် | အကြောင်းအရာ | ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြန်မာ့သစ်လုပ်ငန်း၏ သစ်လေလံတင်ရောင်းချမှုမှ နိုင်ငံတော်ဘဏ္ဍာငွေ နစ်နာ ဆုံးရှုံးခဲ့ရမှု | ငွေကျပ်သိန်း (၂၀၀) |
| ၂ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြန်မာ့မီးရထား၏ စီမံကိန်းလုပ်ငန်း မြေယာလျော်ကြေးမှ နိုင်ငံပိုင် ဘဏ္ဍာငွေ နစ်နာဆုံးရှုံးခဲ့ရမှု | ငွေကျပ် (၁၀၈.၉) သိန်း |
| ၃ | မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း နှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းရပ်ဆိုင်း၍ လုပ်ကွက်ပြန်လည်အပ်နှံသွားသော နိုင်ငံရပ်ခြား ကုမ္ပဏီများ၏ သင်တန်းစရိတ် ရန်ပုံငွေအား နိုင်ငံတော်ငွေစာရင်းသို့ ပြန်လည် ပေးသွင်းစေမှု | USD 1815642.26 |
| ၄ | မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း နှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့သည့် ဗီယက်နမ်နိုင်ငံ Petro Vietnam Exploration Production (PVEP) ကုမ္ပဏီမှ ပေးဆောင်ရမည့် အခွန်ငွေများ ပြန်လည် ပေးသွင်းစေမှု | USD 2187618.0 |

# **အခန်း(၅)**

၂၀၁၈ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ် ချမှတ်ခြင်း

## ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း

၈၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့သည့်အတွက် အဂတိလိုက်စားမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက် ပိုမိုကျယ်ပြန့်လာခြင်း၊ နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းဆုံးရှုံးမှုများအတွက် အရေးယူနိုင်လာခြင်း၊ ပုဂ္ဂလိက အဖွဲ့အစည်းများအပေါ် ကျင့်ဝတ် ချမှတ်ကျင့်သုံးစေရန် အမိန့်ထုတ်ပြန်နိုင်ခြင်း၊ ကျော်စောသတင်းနှင့် ပတ်သက်၍ အရေးယူခြင်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများကို အကြံဉာဏ်ပေးနိုင်ခြင်းတို့ကြောင့် ဥပဒေမူဘောင် ပိုမို ခိုင်မာစေရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

၈၈။ ကော်မရှင်၏ ရည်မှန်းချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကော်မရှင်နှင့် ဝန်ထမ်းများလက်တွေ့လိုက်နာကျင့်သုံးရမည့် အခြေခံမှု (၆) ချက် ပါဝင်သော ကျင့်ဝတ်ကို ချမှတ်ထုတ်ပြန်နိုင်ခဲ့သည့်အတွက် ကော်မရှင်က လိုက်နာစောင့်ထိန်းရသည့် ကျင့်ဝတ်များကို အများပြည်သူက သိရှိနားလည်စေခြင်းဖြင့် ယုံကြည်စိတ်ချမှုတိုးပွားရရှိရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## တားဆီးကာကွယ်ခြင်းနှင့် အသိပညာပေးခြင်း

၈၉။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး အစီအစဉ်များကို ကလေးသူငယ်များကအစ သိရှိနိုင်စေရေးအတွက် အခြေခံပညာမူလတန်းကျောင်းများမှ စတင်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် ကျင့်ဝတ်များ ချမှတ်လိုက်နာစေရန် အမိန့်ထုတ်ပြန်ခြင်း၊ သတင်းစာနှင့် ရုပ်မြင်သံကြားအစီအစဉ်များတွင် ပညာပေးဇာတ်လမ်းတိုများ ပိုမိုထည့်သွင်း ထုတ်လွှင့်ခြင်း၊ အစိုးရဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများတွင် တင်ဒါခေါ်ယူရာ၌ အဂတိကင်းစင်ရန် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတိပြုနိုင်ရေးအတွက် အသိပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ကျောင်းသားလူငယ်ကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အုပ်ချုပ်ရေး

ကဏ္ဍတို့တွင် ဖြောင့်မတ်တည်ကြည်မှု၊ ကိုယ်ကျင့်သိက္ခာနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့အပေါ် အသိပညာပေးရေးကို ပိုမိုပျံ့နှံ့အောင် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၉၀။ ကော်မရှင်၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ အသိပညာပေးရေး၊ တိုက်ဖျက်ရေးလုပ်ငန်းများသည် နိုင်ငံတော်ပိုင် ရန်ပုံငွေပစ္စည်းများနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာ နယ်ပယ်တွင် အဂတိလိုက်စားမှုကြောင့် ဆုံးရှုံးနစ်နာခဲ့သော နိုင်ငံပိုင် စီးပွားရေးကော်ပိုရေးရှင်းများ၏ အကျိုးစီးပွားများနှင့် ပြည်သူ့ဘဏ္ဍာ ဆုံးရှုံးမှု တန်ဖိုးများကို ခန့်မှန်းတွက်ချက်လေ့ရှိကြရာ ပွင့်လင်းမြင်သာမှု မြင့်မားသော ဥရောပယူနီယံကဲ့သို့ နိုင်ငံများတွင် ဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ အဆိုပါနိုင်ငံများတွင် ပြည်သူ့ဘဏ္ဍာအဖြစ် တင်ဒါချမှတ်ဆောင်ရွက်ခဲ့သော ဝယ်ယူရေးလုပ်ငန်းများသည် ဥရောပသမဂ္ဂ ဂျီဒီပီ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းခန့် ရှိပါသည်။ ၂၀၁၀ ခုနှစ်တွင် ယင်းတင်ဒါလုပ်ငန်းများအနက် အဂတိလိုက်စားမှုကြောင့် ဆုံးရှုံးနစ်နာခဲ့သော ခန့်မှန်းတန်ဖိုးငွေမှာ ဘတ်ဂျက်ခန့်မှန်းရန်ပုံငွေစုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းထိ ကြီးမြင့်ခဲ့ကြောင်း ပညာရှင်များက ခန့်မှန်းကြပါသည်။

၉၁။ နိုင်ငံတော်သမ္မတရုံးအနေနှင့် ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)ဖြင့် ၂၀၁၇ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာတစ်ရပ် ချမှတ်လမ်းညွှန်ခဲ့ရာ အစိုးရဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် တင်ဒါခေါ်ယူ ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို တိကျစွာ လမ်းညွှန်ထားပြီး ဖြစ်ပါသည်။ အစိုးရဌာနနှင့် အဖွဲ့အစည်းများက သာမန်အသုံးစရိတ်ဖြင့် ပုံမှန်ကျခံသုံးစွဲနေသော စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာနှင့် အခြားစရိတ်များ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များသည် ထင်သာမြင်သာရှိစွာ ခန့်မှန်းတွက်ချက်နိုင်သောငွေစာရင်းများဖြစ်သောကြောင့် ယင်းကိစ္စများတွင် ဖြစ်ပွားနိုင်သော အဂတိလိုက်စားမှု၏ အကျိုးသက်ရောက်မှုများကို ကောင်းမွန်စွာ ကြိုတင်ကာကွယ်နိုင်ပေမည်။ သို့ရာတွင် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ကျခံသုံးစွဲပြီး တင်ဒါခေါ်ယူမည့် စီမံကိန်းများ၊ လုပ်ငန်းများ၊ နိုင်ငံခြားငွေဖြင့် ကျခံသုံးစွဲမည့် တင်ဒါလုပ်ငန်းများ၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တင်ဒါစီမံကိန်းများ၏ ဘတ်ဂျက်ပမာဏ၊

လုပ်ငန်း အရွယ်အစားနှင့် အကျိုးစီးပွား အတိုင်းအဆ များပြားလှသောကြောင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအခြေအနေ အရပ်ရပ်အပေါ် ယင်းတို့၏အကျိုးသက်ရောက်မှုမှာ ကြီးမားမည်ဖြစ်ပါသည်။ ယခုအခါကော်မရှင်အနေဖြင့် တင်ဒါလုပ်ထုံးလုပ်နည်းများအပေါ် အဂတိလိုက်စားမှုကြောင့် လေလွင့်ဆုံးရှုံးနိုင်သည့်ဘဏ္ဍာနှင့် ရန်ပုံငွေ အတိုင်းအဆဖြစ်စဉ်များကို ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ပူးပေါင်း၍ သုတေသန ဆန်းစစ်ခြင်း၊ ပညာပေး သင်တန်းများ ကျင်းပခြင်း အတွေ့အကြုံ နည်းပညာနှီးနှောဖလှယ်သည့် ဖိုရမ်များသို့ တက်ရောက်ခြင်း စသည့် လုပ်ငန်းများကို စတင်ဆောင်ရွက်လျက် ရှိပါသည်။

၉၂။ မြန်မာနိုင်ငံ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းအရ ငွေလုံးငွေရင်း သုံးစွဲငွေ လျာထားချက်မှာ ကျပ် ၆၃၁၄ ဘီလီယံ ရှိခဲ့ရာဘတ်ဂျက်လျာထား သုံးစွဲငွေ စုစုပေါင်း၏ ၂၆ ရာခိုင်နှုန်းခန့် ရှိခဲ့ပါသည်။ ပြည်ထောင်စု၏လွန်ခဲ့သော ငါးနှစ်မှစ၍ ပြောင်းလဲလာခဲ့သော ရသုံးခန့်မှန်းခြေ ငွေစာရင်းများကို ဆန်းစစ်ရာတွင် ပြည်ထောင်စုစာရင်းချုပ် လိုငွေသည် ရငွေထက် တစ်နှစ်တခြား ကျော်လွန်မြင့်တက်လာခဲ့ပြီး ယခုလက်ရှိ နောက်ဆုံး အတည်ပြုသော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် လိုငွေပြမှုသည် ကျပ် ၄၇၇၈ ဘီလီယံထိ ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါဘတ်ဂျက်လိုငွေပြမှု ဖြစ်စဉ်များ၏ အဓိက အကြောင်းအရင်းမှာ နိုင်ငံတော်၏ငွေလုံးငွေရင်း စီမံကိန်းများတွင် သုံးစွဲမှုမြင့်တက်လာခြင်းဖြစ်သောကြောင့်ဖြစ်ရာ ယင်းစီမံကိန်းများတွင် ဘဏ္ဍာငွေအလေအလွင့်လျှော့ချပြီး ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုရလဒ်များပေါ်သည်အထိ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးပါသည်။ သို့ဖြစ်ပါ၍ အစိုးရဌာနများနှင့်အဖွဲ့အစည်းများသည် ဆောင်ရွက်လျက်ရှိသော တင်ဒါလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် စရိတ်ကျဉ်းကျဉ်းဖြင့် ရလဒ်ကောင်းရရှိနိုင်မည့် မှန်ကန်သော ယှဉ်ပြိုင်မှုပုံစံများ၊ တင်ဒါလုပ်ငန်းများအပေါ် သေချာစွာ ဆန်းစစ်လေ့လာ၍ အကဲဖြတ်နိုင်မည့်စွမ်းရည်၊ အဂတိလိုက်စားမှုနှင့် ငြိစွန်းနိုင်မည့် ဆောင်ရန် ရှောင်ရန်အချက်များကို ပြည့်စုံစွာ သုံးသပ်နိုင်ရန် ပညာပေးလေ့ကျင့်မှု လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်သွားသင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

## စုံစမ်းစစ်ဆေးအရေးယူခြင်း

၉၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ စတုတ္ထအကြိမ် ပြင်ဆင်ချက်နှင့်အညီ စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ရာတွင် အရာထမ်း၊ အမှုထမ်းများမှ အဆင့်မြင့်အရာရှိ၊ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူအထိ အရေးယူနိုင်ခဲ့ပါသည်။ တစ်ဖက်တွင် ပြည်သူများအား အဂတိလိုက်စားမှုများကို တိုင်ကြားနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ တိုင်ကြားစာများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အကြံပြုချက်နှင့်အတူ အသိပေးပြန်ကြားခြင်း၊ လက်ခံတွေ့ဆုံ ဆွေးနွေးဖြေရှင်းပေးခြင်း၊ လက်ခံရရှိသည့် တိုင်ကြားစာများအပေါ် နေ့စဉ်စိစစ်၍ အချိန်နှင့် တပြေးညီ စီမံဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် စိတ်ဝင်စားမှုများ၊ ယုံကြည်မှုများ တိုးမြင့်လာပြီး တိုင်ကြားစာနှင့် သတင်းပေးပို့မှုများ တိုးတက်လာခဲ့ပါသည်။

## ပြည်တွင်း/နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

၉၄။ နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်မှု မြင့်မားလာခြင်းကို အောက်ပါဇယားတွင် တွေ့ရှိ နိုင်ပါသည်-

| စဉ် | အကြောင်းအရာ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ |
|---|---|---|---|---|---|---|
| ၁ | အဖွဲ့အစည်းများမှ လာရောက်တွေ့ဆုံမှု | ၄ | ၆ | ၅ | ၃၂ | ၆၂ |
| ၂ | ပြည်ပအစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ တက်ရောက်မှု | ၃ | ၉ | ၁၀ | ၁၉ | ၂၃ |
| ၃ | ပြည်တွင်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်မှု | ၁ | ၁ | - | ၄ | ၉ |
| ၄ | နှစ်နိုင်ငံချင်း နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးမှု | - | ၁ | - | ၁ | ၂ |
| ၅ | စာတမ်းဖတ်ကြားဆွေးနွေးပွဲကျင်းပမှု | - | - | - | - | ၁ |
| ၆ | ဖိုရမ် ကျင်းပမှု | - | - | - | - | ၂ |
| စုစုပေါင်း | | ၈ | ၁၇ | ၁၅ | ၅၃ | ၉၃ |

၉၅။ ကော်မရှင်နှင့် အစိုးရဌာန၊ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းလာသဖြင့် ကော်မရှင်ထံမှ လွှဲပြောင်းစာများအပေါ် ပိုမိုအလေးထားဆောင်ရွက်လာသည်ကို တွေ့ရှိရပါသည်-

| ခုနှစ် | အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရ အရေးယူမှု | လွှဲပြောင်းစာများအပေါ်အရေးယူမှု | | စုစုပေါင်း |
|---|---|---|---|---|
| | | နိုင်ငံ့ဝန်ထမ်း ဥပဒေ | ရဲစည်းကမ်း ဥပဒေ | |
| ၂၀၁၄ | ၆ | ၂၂ | - | ၂၈ |
| ၂၀၁၅ | ၄ | ၂၀ | - | ၂၄ |
| ၂၀၁၆ | ၁၂ | ၁၆ | ၂ | ၃၀ |
| ၂၀၁၇ | ၂၈ | ၂၅ | ၂ | ၅၅ |
| ၂၀၁၈ | ၄၆ | ၆၃ | ၁၃ | ၁၂၂ |

## အဂတိလိုက်စားမှုစစ်တမ်းကောက်ယူခြင်း

၉၆။ ကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစဉ်များအရ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၏ အဂတိလိုက်စားမှု အခြေအနေများကို အကဲဖြတ်နိုင်ရန်အတွက် နယ်ပယ် (၄) ရပ်ဖြစ်သော **ပြည်သူလူထု၏ သဘောထားအမြင်၊ အတွေ့အကြုံနှင့်ခံယူချက်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု** တို့အပေါ် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလ အထိ သတ်မှတ်ရွေးချယ်သော နေရာဒေသများ၌ စစ်တမ်းကောက်ယူခြင်းကို ဘက်လိုက်ခြင်းကင်း၍ ပွင့်လင်းမြင်သာ ရှိစေရန်အတွက် တတိယအဖွဲ့အစည်းတစ်ခုဖြစ်သော တရားမျှတမှုလက်လှမ်းမီနိုင်ရေးအဖွဲ့အား လုပ်ငန်းအပ်နှံ ဆောင်ရွက်စေခဲ့ပါသည်။

၉၇။ **ပြည်သူလူထု၏သဘောထားအမြင်။** အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အပေါ် ပြည်သူများ၏ သဘောထားအမြင်များကို ဒေသတစ်ခုလျှင် လူဦးရေ (၁၀၀) ခန့်ဖြင့် ချင်းပြည်နယ်မှအပ တိုင်းဒေသကြီး/ပြည်နယ် (၁၃) ခုတို့မှ ပြည်သူ (၁၃၃၀) ဦး တို့အား အောက်ပါကဏ္ဍများအလိုက် တွေ့ဆုံမေးမြန်းခဲ့ပါသည်- {**နောက်ဆက်တွဲ (ဃ)မှ (ဃ-၇)**}

(က) **အဂတိလိုက်စားမှုဆိုင်ရာ အသိအမြင်**

- ❖ အဂတိလိုက်စားမှုအပေါ် ပြည်သူများ၏ နားလည်သဘောပေါက်မှု၊
- ❖ လက်ရှိ အဂတိလိုက်စားမှု အခြေအနေအပေါ် ပြည်သူများ၏ ထင်မြင်ချက်များ၊
- ❖ အဂတိလိုက်စားမှုဖြစ်ပေါ်ရသည့် အကြောင်းအရင်းများ၊
- ❖ အဂတိလိုက်စားမှုအပေါ် အစိုးရ၏ အရေးယူတုံ့ပြန်မှု၊
- ❖ အဂတိလိုက်စားမှုများနှင့် တိုင်းပြည်ဖွံ့ဖြိုးမှုအပေါ် ပြည်သူများ၏ အမြင်၊
- ❖ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အပေါ် ပြည်သူများ၏ အမြင်။

(ခ) **အဂတိလိုက်စားမှုနှင့် ပတ်သက်၍ အစိုးရဌာနများအပေါ် ပြည်သူများ၏ ထင်မြင်ချက်**

- ❖ အဂတိလိုက်စားမှု အမြင့်ဆုံး ဌာနများ၊
- ❖ ဌာနများအလိုက် အဂတိလိုက်စားမှုအဆင့် သတ်မှတ်ချက်၊
- ❖ အဂတိလိုက်စားမှုမြောက်သည့် အပြုအမူ။

(ဂ) **အဂတိလိုက်စားမှု တိုင်ကြားခြင်းအပေါ် ပြည်သူတို့၏ ထင်မြင်ချက်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု**

- ❖ အဂတိလိုက်စားမှု တိုင်ကြားခြင်း၊
- ❖ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု။

၉၈။ **ပြည်သူလူထု၏အတွေ့အကြုံနှင့်ခံယူချက်။** အဂတိလိုက်စားမှုအပေါ် ပြည်သူများ၏ အတွေ့အကြုံ၊ ခံယူချက်များကို ဒေသတစ်ခုလျှင် လူဦးရေ (၁၀၀) နှုန်းဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့မှ ပြည်သူ (၈၀၀) ဦး တို့အား **ပြည်သူများနှင့်ဆက်ဆံရသည့်ဌာနများ၏ အဂတိလိုက်စားမှု ပုံသဏ္ဍာန်များနှင့် အကြောင်းအရင်းများ** အပေါ် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ {**နောက်ဆက်တွဲ (ဃ-၈)မှ (ဃ-၁၁)**}

၉၉။ **ပွင့်လင်းမြင်သာမှု**။ အစိုးရဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၏ ပွင့်လင်းမြင်သာမှုအပေါ် **ဆောက်လုပ်ရေးကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍနှင့် သစ်တောကဏ္ဍ** တို့တွင် ဒေသတစ်ခုလျှင် စီးပွားရေး လုပ်ငန်းရှင် (၁၀) ဦးနှုန်းဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ စီးပွားရေးလုပ်ငန်းရှင် (၅၀)ဦး တို့အား တွေ့ဆုံမေးမြန်းခဲ့မှုအရ လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးခြင်းနှင့် အတည်ပြုချက်များ အဆင့်ဆင့် ရယူရခြင်း၊ ရှင်းလင်းပြည့်စုံသော တင်ဒါလုပ်ငန်း နည်းပညာဆိုင်ရာ သတင်းအချက်အလက်များ လိုအပ်ခြင်း၊ တင်ဒါများကို စိစစ်ရွေးချယ်ရာတွင် လွတ်လပ် ကျွမ်းကျင်သူ ပါဝင်ရန် လိုအပ်ခြင်း၊ နီးစပ်ရာ သတင်းပေး ခေါ်ယူခြင်း၊ စည်းမျဉ်းစည်းကမ်းနှင့် အချက်အလက်များကို သတင်းထုတ်ပြန်မှု အားနည်းခြင်း၊ တင်ဒါလုပ်ငန်းအပေါ် စောင့်ကြည့် အကဲဖြတ်နိုင်သော တတိယအဖွဲ့အစည်းများ လိုအပ်ခြင်း၊ အဂတိလိုက်စားမှုများကို တိုင်ကြားနိုင်သည့် ယန္တရားမရှိခြင်း၊ ချမှတ်ထားသည့်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ကိုင်ဆောင်ရွက်မှု မရှိခြင်း၊ ဈေးကွက် ယှဉ်ပြိုင်မှုမရှိဘဲ တင်ဒါများ ချပေးခြင်း၊ တင်ဒါများ ဆောင်ရွက်ရာတွင် မျှတသော ယှဉ်ပြိုင်မှုအစား ယှဉ်ပြိုင်သော လုပ်ငန်းရှင်အချင်းချင်း ပစ္စည်း/လုပ်ငန်းတင်ဒါများကို မျှဝေဆောင်ရွက်ပေးခြင်း၊ လေလံများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု အားနည်းခြင်းကြောင့် ကိုယ်ကျိုးစီးပွားများ ဆက်နွယ်နိုင်သည်ဟု ထင်မြင်ယူဆစေခြင်းတို့ကို တွေ့ရှိရပါသည်။

၁၀၀။ **တာဝန်ယူမှု။** ပြည်ထောင်စုဝန်ကြီးဌာနများ၏ တာဝန်ယူမှု၊ တာဝန်ခံမှု တို့နှင့်ပတ်သက်သည့် အချက်အလက်များကို ပြည်သူများနှင့် ထိတွေ့ဆက်ဆံမှုများသည့် ပြည်ထောင်စုဝန်ကြီးဌာန (၉) ခုမှ တာဝန်ရှိပုဂ္ဂိုလ် (၂၈) ဦးတို့ကို တွေ့ဆုံမေးမြန်းခဲ့မှု အပေါ် တွေ့ရှိချက်များကို ဖော်ပြအပ်ပါသည်-

(က) ရာထူးအာဏာကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိဘဲ ဝန်ထမ်းများ ရာထူးတိုး၊ အပြောင်းအရွှေ့များ ပြုလုပ်ခြင်း၊

(ခ) အုပ်ချုပ်ရေးထောက်ပံ့မှုပစ္စည်း ပံ့ပိုးမှုအားနည်းခြင်း၊ လုပ်ခလစာ မလောက်ငခြင်းတို့ကြောင့် အဂတိလိုက်စားခြင်း၊

(ဂ) အဂတိလိုက်စားမှု ကျူးလွန်သူများကို အပြစ်ပေးအရေးယူခြင်းထက် ပညာပေး အစီအစဉ်များဖြင့် ထိန်းကျောင်းခြင်း၊ ဆုပေး ဒဏ်ပေးစနစ် ကျင့်သုံးခြင်းဖြင့် အဂတိလိုက်စားမှု လျော့ပါးနိုင်သည့် နည်းလမ်းများ လိုအပ်ခြင်း၊

(ဃ) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးခြင်း၊

(င) ဌာနတွင်း အဂတိလိုက်စားမှု လျော့ချရေး လုပ်ငန်းစဉ်များအတွက် အပြန်အလှန် ထိန်းကျောင်းနိုင်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရှိသော်လည်း လက်တွေ့ အကောင်အထည်ဖော်မှုတွင် အားနည်းနေခြင်း။

၁၀၁။ ပြည်သူများသည် အဂတိလိုက်စားမှုအပေါ် တိတိကျကျ နားလည် သဘောပေါက်ခြင်း မရှိသော်လည်း အဂတိလိုက်စားမှုကို မလိုလားကြောင်း သိသာစွာ တွေ့ရှိရပြီး အစိုးရဌာနများထံမှ မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများအတွက် အချိန်မီ မရရှိပါက လာဘ်ပေးရန် ဆန္ဒရှိနေကြသော်လည်း အဂတိလိုက်စားမှုကို ပြည်သူလူထုအင်အားဖြင့် တိုက်ဖျက်နိုင်သည်ဟု အပြည့်အဝ ယူဆသူများစွာရှိခြင်းကြောင့် ကော်မရှင်အတွက် ကြီးမားသော အထောက်အပံ့ဖြစ်ကြောင်း၊ တရားဥပဒေ စိုးမိုးရေးနှင့် ပွင့်လင်းမြင်သာမှု ရှိရေး၊ အဂတိလိုက်စားမှုကို ရှောင်ကြဉ်စေရန် ထိရောက်စွာ အရေးယူမှုနှင့် အသိပညာပေး

လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်၍ အဂတိလိုက်စားမှု တိုင်ကြားရန် လွယ်ကူချောမွေ့စေခြင်း၊ အသိပညာပေး အစီအစဉ်များဖြင့် ထိန်းကျောင်းပြီး အဂတိလိုက်စားမှု မရှိသူများကိုလည်း ချီးမြှင့်ဂုဏ်ပြုခြင်း၊ အဆိုပါ စိတ်ဓာတ်ကို ဂုဏ်ယူလေးစားသည့် ပတ်ဝန်းကျင်တစ်ရပ် ဖြစ်အောင် ဖန်တီးခြင်းဖြင့် အဂတိလိုက်စားမှုများ လျော့ကျနိုင်ကြောင်း၊ ထိုက်သင့်သော လစာခံစားခွင့် တိုးမြှင့်ရေးသည် အဂတိတိုက်ဖျက်ရေးအတွက် အထောက်အပံ့ ဖြစ်စေမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ကော်မရှင်က ဆောင်ရွက်နေသော မူဝါဒရည်မှန်းချက်များနှင့် ကိုက်ညီမှု ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

## အဂတိလိုက်စားမှုဆိုင်ရာ ညွှန်းကိန်းများအခြေအနေ

၁၀၂။ မြန်မာနိုင်ငံသည် နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International -TI) က သတ်မှတ်သည့် အဂတိလိုက်စားမှုအညွှန်းကိန်း (Corruption Perception Index -CPI) အရ မြန်မာနိုင်ငံ၏ နှစ်အလိုက် ရမှတ်နှင့် အညွှန်းကိန်းမှာ အောက်ပါအတိုင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ရမှတ်(၁)မှတ်နှင့် အဆင့် (၂)ဆင့် ကျဆင်းသွားပါကြောင်း ဖော်ပြအပ်ပါသည်-

| ခုနှစ် | ရမှတ် | အဆင့် | နိုင်ငံပေါင်း |
|---|---|---|---|
| ၂၀၁၂ | ၁၅ | ၁၇၂ | ၁၇၆ |
| ၂၀၁၃ | ၂၁ | ၁၅၇ | ၁၇၇ |
| ၂၀၁၄ | ၂၁ | ၁၅၆ | ၁၇၅ |
| ၂၀၁၅ | ၂၂ | ၁၄၇ | ၁၆၈ |
| ၂၀၁၆ | ၂၈ | ၁၃၆ | ၁၇၆ |
| ၂၀၁၇ | ၃၀ | ၁၃၀ | ၁၈၀ |
| ၂၀၁၈ | ၂၉ | ၁၃၂ | ၁၈၀ |

## ၂၀၁၉ ခုနှစ် ရှေ့လုပ်ငန်းအစီအစဉ်လျာထားမှု

၁၀၃။ ကော်မရှင်သည် ၂၀၁၉ ခုနှစ်တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ အသိပညာပေးရေး၊ တိုက်ဖျက်ရေးလုပ်ငန်းများကို အောက်ဖော်ပြပါ လုပ်ငန်းအစီအစဉ်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

❖ **ပေါ်လစီမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး**

- ➢ အမျိုးသား အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာ ချမှတ်နိုင်ရေး ဆောင်ရွက်ရန်။

❖ **ဥပဒေမူဘောင်ခိုင်မာရေး**

- ➢ ဖွင့်ဟထုတ်ဖော်သူ အကာအကွယ်ပေးရေး ဥပဒေ ရေးဆွဲနိုင်ရေး ဆောင်ရွက်ရန်၊
- ➢ ဥပဒေအရ အရေးယူဆောင်ရွက်မှု တိုးမြှင့်ရန်၊
- ➢ အဂတိလိုက်စားမှု တိုက်ဖျက်ရေး နည်းဥပဒေအသစ် ထုတ်ပြန်ရန်၊

❖ **တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး**

- ➢ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးယူနစ်များ ဖွဲ့စည်းတာဝန်ပေးရေး နှင့် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၂၁ (ဂ) (၃)၊ ပုဒ်မ ၄၄၊ ပုဒ်မ ၄၅ တို့နှင့် အညီ လက်တွဲလုပ်ကိုင်ဆောင်ရွက်ရန်၊
- ➢ ၂၀၁၃ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၈) လုပ်ပိုင်ခွင့် အာဏာရှိသူက ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ကြေညာခြင်း သတ်မှတ်ချက်ကို အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ရန်။

- ❖ **တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေး**
  - ➢ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေးပညာပေး အစီအစဉ်များဖြင့် Stakeholder များအားလုံး ပါဝင်လာစေရန် လှုပ်ရှားမှုများ ဆောင်ရွက်ရန်၊
  - ➢ စီးပွားရေးလုပ်ငန်းကဏ္ဍ ကျင့်ဝတ်သိက္ခာမြှင့်တင်ရေး ဆွေးနွေးပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ကျင်းပရန်၊
  - ➢ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အသိပညာပေးရေးဆိုင်ရာ တီဗွီဇာတ်လမ်းတိုများ၊ ကြော်ငြာများ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ကာတွန်းများ စီစဉ်ဆောင်ရွက်ရန်၊ media - friendly ဖြစ်ရေးအတွက် ပုံမှန် media access စီစဉ် ဆောင်ရွက်ရန်၊
  - ➢ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်၊
  - ➢ အများပြည်သူဆိုင်ရာ နစ်နာမှုတိုင်ကြားနိုင်သော ယန္တရားတစ်ရပ် ထားရှိပြီး Social accountability မြှင့်တင်ရန်။

- ❖ **ဌာနစွမ်းဆောင်ရည်မြှင့်တင်ရေး**
  - ➢ ကော်မရှင်ရုံးဖွဲ့စည်းပုံအသစ်နှင့်အညီ ဝန်ထမ်းများ ဖြည့်တင်းရန်၊
  - ➢ ကော်မရှင်ရုံးခွဲများကို ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင် ဖွင့်လှစ်ရန်။

- ❖ **ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး**
  - ➢ ပြည်တွင်းစီမံခန့်ခွဲမှု သင်တန်းများ၊ မွမ်းမံသင်တန်းများ၊ အခြေခံသင်တန်းများကို အဆင့်မြင့်၊ အလယ်အလတ်အဆင့်နှင့် အရာထမ်းငယ်၊ အမှုထမ်းများ အဆင့်အသီးသီးအတွက် စီစဉ်ဆောင်ရွက်ရန်၊
  - ➢ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်နှင့် နစ်နိုင်ငံချင်းအစီအစဉ်များဖြင့် သင်တန်းများ အလုပ်ရုံဆွေးနွေးပွဲများ ညှိနှိုင်းဆောင်ရွက်ရန်၊

❖ **အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှု တွန်းလှန်တိုက်ဖျက်ရေး အစီအစဉ်များအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး**

- နှစ်နိုင်ငံချင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု MoU များ တိုးမြှင့်ချုပ်ဆိုရန်၊
- နှစ်နိုင်ငံချင်းတရားဝင်အလုပ်သဘောအစည်းအဝေးများလက်ခံကျင်းပရန်၊
- ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၁၅)ကြိမ်မြောက် SEA-PAC အကြီးအကဲများ အစည်းအဝေးနှင့် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၁၄)ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် အစည်းအဝေး တက်ရောက်ရန်၊
- ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးက ကြီးမှူးကျင်းပသော intergovernmental အစည်းအဝေးများနှင့် ဘာသာရပ်ဆိုင်ရာ အစည်းအဝေးများသို့ ပါဝင်တက်ရောက်ရန်၊
- UNCAC ကွန်ဗင်းရှင်းအကောင်အထည်ဖော်ဆောင်မှု သုံးသပ်ခြင်း ဒုတိယ စက်ဝန်း (၂၀၁၆- ၂၀၂၀) တွင် မြန်မာနိုင်ငံ၏ ကိုယ်တိုင်ဆန်းစစ်လေ့လာ တင်ပြချက်အပေါ် သုံးသပ်မည့် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအား လက်ခံ၍ တွေ့ဆုံဆွေးနွေးရန်၊
- မြန်မာနိုင်ငံ၏ Country Review Report (မူကြမ်း) အပေါ် ဆွေးနွေး ညှိနှိုင်းရန်နှင့် Country Review Report ထုတ်ပြန်နိုင်ရေး ညှိနှိုင်း ဆောင်ရွက်ရန်၊
- ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် တို့၏ အကူအညီဖြင့် ပြည်တွင်းတွင် ဘာသာရပ်ဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ရန်၊

- ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်တို့၏ အကူအညီဖြင့် အာရှနိုင်ငံများသို့ တရားဝင် အလုပ်သဘော လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ရန်၊
- ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးနှင့် အထိမ်းအမှတ်အခမ်းအနားအတွက် သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းရန်နှင့် အခမ်းအနားကျင်းပရန်၊ မှတ်တမ်းများပြုစုရန်နှင့် ဘာသာပြန်ဆိုရန်၊
- ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး အကူအညီဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် နည်းဥပဒေတို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရန်နှင့် ထုတ်ဝေရန်။

❖ **အမြဲမပြတ် စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်ရေး**

- ဆက်စပ်သော စစ်တမ်းများ ဆောင်ရွက်ရန်

❖ **အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် ၂၀၂၀ ပြည့်နှစ်လုပ်ငန်းအစီအစဉ် ချမှတ်ရေး**

❖ **ကော်မရှင်၏ တစ်နှစ်တာဆောင်ရွက်ချက်များကို ပြည်သူသို့ အစီရင်ခံတင်ပြရေး**

# နိဂုံး

၁၀၄။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ရာ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ရည်ရွယ်ချက် (၆) ချက်အား ပြည်သူလူထုမှ သတ်မှတ်ပေးထားသည့် ရည်မှန်းချက် တာဝန်အဖြစ် ခံယူဆောင်ရွက်လျက်ရှိပါသည်။

၁၀၅။ ထိုရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ကော်မရှင်သည် ပြည်သူများ၏အကျိုးစီးပွားကို စောင့်ကြည့်စီမံပေးရသော အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်စွာ ရပ်တည်နိုင်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ အားလုံးပါဝင်နိုင်မှု စသည့် စံနှုန်းများ၊ တန်ဖိုးထားမှုများနှင့်အတူ တရားဥပဒေ စိုးမိုးရေးနှင့် အများပြည်သူဘဝ သာယာဝပြောရေးတို့ကို ဦးထိပ်ထား၍ စီမံဆောင်ရွက်လျက် ရှိပါသည်။

၁၀၆။ ကော်မရှင်သည် နိုင်ငံတစ်ဝန်း၌ အဂတိလိုက်စားမှုကို လုံးဝ သည်းခံခွင့်လွှတ်ခြင်းမပြုသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ပြည်သူနှင့်အတူ လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အောင်ကြည်

ဥက္ကဋ္ဌ

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မတ် လ ၁ ရက်

# နောက်ဆက်တွဲများ

# နောက်ဆက်တွဲ (က)

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက်

## အသိပေးတင်ပြချက်

အစိုးရဌာနအဖွဲ့အစည်းများရဲ့
တည်ဆောက်ခြင်း၊
ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊
ငှားရမ်းခြင်းနှင့်ရောင်းချခြင်းများ
ပြုလုပ်လိုတဲ့အခါတင်ဒါခေါ်ယူလေ့ရှိပါတယ်။

တင်ဒါခေါ်ယူတဲ့အခါ
အရေးတကြီးသိထားသင့်တဲ့
ဒီအချက်တွေကို
သင်သိပြီးပြီလား?




နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်အမှတ်
၁/၂၀၁၇ ဖြင့်
တင်ဒါလုပ်ထုံးလုပ်နည်းများကို
အခုလိုထုတ်ပြန်ထားပါတယ်။




- နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများ
  လေလွင့်ဆုံးရှုံးမှုမရှိစေရန်။

---

- အဂတိလိုက်စားမှုများမရှိစေရန်။
  - တင်ဒါကိုတစ်ဦးတစ်ယောက်ကဖြစ်စေ၊
    အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ရယူခြင်း၊
    ဈေးကစားခြင်းများမဖြစ်စေဘဲ




မှန်ကန်မျှတသောယှဉ်ပြိုင်မှုဖြစ်စေရန်

- ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိ




---

- နိုင်ငံတော်နှင့်ပြည်သူများအတွက်
  ထိရောက်အကျိုးရှိသည့်
  တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊
  ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့်
  ရောင်းချခြင်းများဖြစ်စေရန် တို့ဘဲဖြစ်ပါတယ်။




တင်ဒါခေါ်ယူတဲ့အခါကော်မတီများကိုလည်း
စနစ်တကျဖွဲ့စည်းရပါမယ်
- တင်ဒါကော်မတီ
- ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ
- တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ
- အသေးစိတ်ဆန်းစစ်ရေးနှင့်လက်ခံရေးကော်မတီ
  စသည်ဖြင့် သတ်မှတ်ချက်နှင့်အညီဖွဲ့စည်းပြီး
  တာဝန်များကိုခွဲဝေဆောင်ရွက်ရပါမယ်။




---

တင်ဒါလုပ်ငန်းစဉ်များ
ဆောင်ရွက်ရာတွင်လည်း
- ရန်ပုံငွေခွင့်ပြုချက် ရှိ/မရှိ စိစစ်ခြင်း
- ဝယ်ယူရေးအစီအစဉ်ရေးဆွဲတင်ပြ
  အတည်ပြုချက်ရယူခြင်း
- စာချုပ်ဆိုင်ရာစာရွက်စာတမ်းများအပါအဝင်
  တင်ဒါစာရွက်စာတမ်းများပြုစုခြင်း
- တင်ဒါဖိတ်ခေါ်ခြင်း နှင့် ကြေငြာခြင်း
- တင်ဒါများကိုအကဲဖြတ်ခြင်းသုံးသပ်ခြင်းနှင့်
  ကန်ထရိုက်အပ်နှင်းရန် အကြံပြုချက်များ
  ပါဝင်သည့်အစီရင်ခံစာများတင်ပြခြင်း
- တင်ဒါအောင်မြင်သူများအား
  ထုတ်ပြန်ကြေငြာခြင်း
- စာချုပ် ပြင်ဆင်ခြင်း နှင့် ချုပ်ဆိုခြင်း
- စာချုပ် ငွေပေးချေခြင်းအပါအဝင်
  စာချုပ်ကိုစီမံခန့်ခွဲခြင်းစသည့်

တင်ဒါလုပ်ငန်းစဉ်များကိုစနစ်တကျလုပ်ကိုင်ရပါမယ်။




တင်ဒါလုပ်ငန်းစဉ်များတွင်ပါဝင်သည့်
တင်ဒါအောင်မြင်သူများအား
ထုတ်ပြန်ကြေငြာခြင်းလုပ်ငန်းတွင်

တင်ဒါစာရွက်စာတမ်း၌ဖော်ပြပါရှိသည့်

နည်းလမ်း၊နေရာနှင့် အချိန်အတိုင်းတင်ဒါ

တင်သွင်းသူများရှေ့တွင် ဖွင့်ဖောက်ရပါမည်။




---

စံချိန်စံညွှန်းသတ်မှတ်ချက်နှင့်အညီ
စိစစ် အကဲဖြတ်၍ နည်းပညာစံချိန်
စံညွှန်း ကိုက်ညီသော တင်ဒါ
တင်သွင်းသူများအနက်မှဈေးနှုန်း
အနည်းဆုံးသူများအားရွေးချယ်၍
တင်ဒါအောင်/ရှုံး ကိုဆုံးဖြတ်ပြီး

တင်ဒါအောင်မြင်သူများကို
ပွင့်လင်းမြင်သာမှုရှိစေရန်အတွက်
တင်ဒါခေါ်ယူသည့်ဝန်ကြီးဌာန၏
Website တွင်တရားဝင်ထုတ်ပြန်ကြေငြာပြီး
ကန်ထရိုက်အပ်နှင်းခြင်းကို
ဆောင်ရွက်ရမည်။




တင်ဒါမအောင်မြင်သော
တင်ဒါတင်သွင်းသူများအား
တရားဝင်အကြောင်းကြားပြီး
တင်ဒါအာမခံကြေးကို
(၇) ရက်အတွင်းပြန်လည်ထုတ်ပေးရမည်။




တင်ဒါလုပ်ငန်းစဉ်များအားလုံးကို
မှတ်တမ်းများထားရှိပြီးအနည်းဆုံး
၃ နှစ်ထိန်းသိမ်းထားရှိရပါမယ်။

- လက်ခံရရှိသည့် တင်ဒါများ
- စိစစ်အကဲဖြတ်မှု အစီရင်ခံစာ
- တင်ဒါကော်မတီ၏ မှတ်တမ်း
- လက်မှတ် ရေးထိုးပြီးစာချုပ်
- ငွေပေးချေမှုဆိုင်ရာအချက်အလက်များ
- လက်ခံရရှိကြောင်းအသိမှတ်ပြုစာ
- အခြားဆက်စပ် စာရွက်စာတမ်းများ
  စသည်တို့ဖြစ်ပါတယ်။

---

တင်ဒါလုပ်ငန်းစဉ်တစ်ခုတွင်
နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်
၁/၂၀၁၇ ကိုဖောက်ဖျက်လျှက်
နိုင်ငံတော်၏ ငွေကြေးပစ္စည်း
ထိခိုက်နစ်နာဆုံးရှုံးလျှင်
အဂတိလိုက်စားမှု
ကျူးလွန်ခြင်းဖြစ်သည့်အတွက်
အရေးယူခံရနိုင်ကြောင်းရှင်းရှင်းလင်းလင်း
နားလည်သဘောပေါက်သင့်ပါတယ်။




ဒါကြောင့် တင်ဒါလုပ်ထုံးလုပ်နည်း
၁/၂၀၁၇ ကို
တိကျစွာလိုက်နာနိုင်မည်ဆိုလျှင်
အဂတိလိုက်စားမှု မဖြောက်နိုင်ကြောင်း
တင်ပြအပ်ပါတယ်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**နောက်ဆက်တွဲ (ခ)**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကြေညာချက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (ACC) နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့သည် အောက်ပါအချက်များကို သဘောတူညီကြပါသည်။

မိမိတို့အနေဖြင့် အဂတိလိုက်စားမှုများသည် စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပြီး လူမှုဘဝလုံခြုံရေးနှင့် တရားမျှတမှုကို ခြိမ်းခြောက်၍ တရားဥပဒေစိုးမိုးမှုနှင့် အစိုးရ၏ တာဝန်ခံနိုင်မှုတို့ကို ထိပါးစေသည်သာမက ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို လျော့ပါးစေကြောင်း အသိအမှတ်ပြုသည်။

မိမိတို့အနေဖြင့် ကဏ္ဍအသီးသီးတွင် အဂတိလိုက်စားမှုအသွင် အမျိုးမျိုးကို ပွင့်လင်းမြင်သာမှုတန်ဖိုး၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ သိက္ခာရှိမှု၊ ရဲရင့်မှု၊ တရားမျှတမှုနှင့် ဒီမိုကရေစီနည်းလမ်းများ ကိုင်စွဲ၍ စဉ်ဆက်မပြတ် တိုက်ဖျက်သွားမည့် သန္နိဋ္ဌာန်များကို အတည်ပြုသည်။

မိမိတို့သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (ACC) ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်မှုများ တောင့်တင်းခိုင်မာလာစေရေးအတွက် မိမိတို့အား လမ်းညွှန်ဆောင်ရွက်ပေးမှုများကို ထောက်ခံအားပေးပါသည်။

မိမိတို့အနေဖြင့် အောက်ပါလုပ်ငန်းစဉ်များကို အသုံးပြု၍ တက်ညီ လက်ညီ အတူတကွပိုမို ပူးပေါင်းအားထုတ်ကြိုးပမ်းဆောင်ရွက်သွားရန် တောင်းဆိုလိုက်သည်။

- လက်ရှိမြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၃) နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ ဖြစ်ကြသည့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC) အပါအဝင် ဥပဒေပြဋ္ဌာန်းချက်များကို လေ့လာ၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မည့် အလားအလာ အသစ်များကို ဖော်ထုတ်သွားရန်
- သတင်းအချက်အလက်မျှဝေရေးနှင့် အကောင်းဆုံးနည်းလမ်းများ ဖလှယ်သွားရေးအတွက် ဆက်သွယ်ရေးကွန်ယက်များ ထူထောင်သွားရန်
- UN Global Compact Network Myanmar နှင့် ဆက်သွယ်မှု ပိုမိုတောင့်တင်းခိုင်မာလာစေရေး ဆောင်ရွက်သွားရန်
- ကုန်သည်စက်မှုအသင်းချုပ် အသင်းဝင်အားလုံးအတွက် လိုက်နာရန် ကျင့်ဝတ်များ ပြုစု ရေးဆွဲပေးရန်
- အဂတိလိုက်စားမှု ပုံစံမျိုးစုံကို တိုက်ဖျက်နိုင်သည့် နည်းလမ်းများ နားလည်သိရှိရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်သွားရန်

ခရစ်သက္ကရာဇ် ၂၀၁၈ ခုနှစ် ဇူလိုင်လ (၂) ရက်တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးသည်။

( ဇော်မင်းဝင်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

( အောင်ကြည် )
ဥက္ကဋ္ဌ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အဂတိလိုက်စားမှု
တိုက်ဖျက်ရေးကော်မရှင်

# Declaration on Anti-Corruption Cooperation

We, the Anti-Corruption Commission of the Republic of the Union of Myanmar (ACC) and the Republic of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) have agreed as follows:

We recognize that corruption impedes economic sustainability and development, threatens social security and fairness, undermines the rule of law and erodes government accountability, as well as public trust;

We affirm our continued commitments to combat corruption across all sectors, through upholding the values of transparency, accountability, integrity, solidarity, courage, justice and democracy;

We commend the ACC for guiding us in strengthening our resolve to effectively fight corruption;

Together, we hereby call for more concerted efforts through the following actions:

- Looking anew at the potential of enhancing cooperation to fight corruption through the use of existing national and international legal instruments such as Anti-Corruption Law, 2013 and the United Nations Convention Against Corruption (UNCAC)
- Establishing networks for sharing information and exchanging best practices
- Strengthening links with UN Global Compact Network Myanmar
- Establishing Code of Conduct for all members of UMFCCI
- Undertaking capacity development to raise awareness of ways of combating corruption in all its forms.

Done in Yangon on 2 July 2018.

U Zaw Min Win
President
The Republic of the Union of Myanmar
Federation of Chambers of Commerce and Industry
(UMFCCI)

U Aung Kyi
Chairman
The Anti-Corruption Commission of the
Republic of the Union of Myanmar
(ACC Myanmar)

**နောက်ဆက်တွဲ (ဂ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

အမိန့်ကြော်ငြာစာ

အမှတ်၊ ၁၄ /၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

( ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် )

## ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အခြေခံနိုင်မာသော လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရန် အခြေခံအချက်များ သတ်မှတ်ခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၁၃ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၇၂၊ ပုဒ်မခွဲ (ခ)အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ထ) တွင် "မည်သည့်ပုဂ္ဂလိကလုပ်ငန်း အဖွဲ့အစည်းကိုမဆို အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်ချမှတ်ကျင့်သုံးစေရေးအတွက် အမိန့်ထုတ်ပြန်ဆောင်ရွက်ခြင်း"ဟု ပြဋ္ဌာန်းထားပါသည်။

၂။ သို့ဖြစ်ရာ ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းများသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရန် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ ရေးဆွဲနိုင်ရေးအတွက်လည်းကောင်း၊ မိမိတို့အဖွဲ့ အစည်းများအတွင်း သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း အောက်ပါအချက်များကိုအခြေခံရန် သတ်မှတ်လိုက်သည်-

(က) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ခိုင်မာ၍ ထိရောက်မှုရှိသော မူဝါဒချမှတ်ရန်နှင့် အဆိုပါမူဝါဒကို အမြင့်ဆုံးစီမံခန့်ခွဲမှုမှ ထောက်ခံမှုရှိရန်၊

(ခ) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုကို ထိရောက်စွာ လေ့လာဆန်းစစ် ဖော်ထုတ်၍ သုံးသပ်အကဲဖြတ်မှုရှိရန်၊

(ဂ) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု မြင့်မားပြီး ထိလွယ် ရှလွယ်သော နယ်ပယ်များ အတွက် ပိုမိုတိကျသော အသေးစိတ်ဆောင်ရွက်မှုများ ထားရှိရန်၊

(ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်မှုများသည် မိမိလုပ်ငန်းများသာမက ချိတ်ဆက်ဆောင်ရွက်နေသော လုပ်ငန်းကွင်းဆက်များအားလုံးနှင့် အကျုံးဝင်စေရန်၊

(င) စာရင်းဇယားများနှင့် စာရင်းမှတ်တမ်းများကို စနစ်ကျမှန်ကန်စွာ ထားရှိရန်၊

(စ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု မူဝါဒများထားရှိရန်၊

(ဆ) အဂတိလိုက်စားကြောင်း သံသယရှိမှုကို သတင်းပေးပို့နိုင်သော ယုံကြည်စိတ်ချရသည့် ယန္တရားများ ထားရှိရန်၊

(ဇ) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဆောင်ရွက်မှုများအပေါ် ပုံမှန် သုံးသပ် အကဲဖြတ်မှုစနစ် ထားရှိရန်။

(ပုံ)အောင်ကြည်


ဥက္ကဋ္ဌ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

**နောက်ဆက်တွဲ (ဃ)**


# မြန်မာနိုင်ငံအတွင်းရှိ အဂတိလိုက်စားမှုအခြေအနေအပေါ် ပြည်သူလူထု၏ သဘောထားအမြင်

## အဂတိလိုက်စားမှုအပေါ် ပြည်သူများ၏ နားလည်သဘောပေါက်မှု





**နောက်ဆက်တွဲ (ဃ-၁)**

## လက်ရှိအဂတိလိုက်စားမှုအခြေအနေအပေါ် ပြည်သူများ၏ ထင်မြင်ချက်များ




**နောက်ဆက်တွဲ (ဃ-၂)**

## အဂတိလိုက်စားမှုဖြစ်ပေါ်ရသည့် အကြောင်းအရင်းများအပေါ် မေးမြန်းမှု




**နောက်ဆက်တွဲ (ဃ-၃)**

## အဂတိလိုက်စားသည့်ပုဂ္ဂိုလ်များအားနိုင်ငံတော်မှအရေးယူ ဆောင်ရွက်မှုအပေါ် ပြည်သူများ၏အမြင်




**နောက်ဆက်တွဲ (ဃ-၄)**

## တိုင်ကြားခြင်းအပေါ် ပြည်သူများ၏ အမြင်

| အကြောင်းအရာ | သဘောတူ | သဘောမတူ | ကြားနေ | မဖြေချင်ပါ |
|---|---|---|---|---|
| ဒါဟာ ဖြစ်ရိုးဖြစ်စဉ်တစ်ခုမို့လို့ တိုင်ကြားစရာမလိုဘူး | 3.16% | **18.81%** | 9.03% | 8.50% |
| လက်ဆောင်ပေးသလိုမျိုးမို့လို့ တိုင်ကြားစရာ မလိုပါဘူး | 3.96% | **16.02%** | 11.22% | 9.79% |
| တိုင်လဲ ဘာမှထူးမှာမဟုတ်လို့ တိုင်ကြား စရာမလိုပါဘူး | 7.74% | **13.32%** | 9.10% | 9.28% |
| တိုင်တဲ့လူအများစုက တိုင်မိလို့ နောက်တရကြတာဘဲ | 9.02% | 8.05% | 12.28% | 12.34% |
| ဘယ်ကိုတိုင်ရမလဲ ဆိုတာ လူတွေမသိကြဘူး | **18.81%** | 3.42% | 6.63% | 8.53% |
| တိုင်ကြားခြင်းကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဖြစ်စဉ်တွေကို ကြောက်တယ် | **16.06%** | 5.20% | 8.68% | 8.87% |
| တိုင်ကြားခြင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဖြစ်စဉ် တွေကြောင့် အလုပ်ရှုပ်မခံနိုင်ဘူး | 15.96% | 5.42% | 8.47% | 8.84% |
| ကိုယ့်အတွက်လဲ အကျိုးကျေးဇူး ရှိခဲ့တာမို့ တိုင်ကြားလိုစိတ်မရှိဘူး | 5.23% | 12.27% | 13.27% | 11.66% |
| ကျေးဇူးတင်လို့ ပေးတာမို့ တိုင်ကြားစရာ မလိုဘူး | 6.14% | 11.37% | 11.86% | 12.15% |
| သက်သေပြဖို့ ခက်ခဲလို့ တိုင်ကြားလို့မရဘူး | **13.92%** | 6.12% | 9.46% | 10.04% |
| | 100.00% | 100.00% | 100.00% | 100.00% |


## နောက်ဆက်တွဲ (ဃ-၅)

### အဂတိလိုက်စားမှု တိုက်ဖျက်နိုင်ရန် ပြည်သူများ၏ ဆောင်ရွက်လိုမှု




## နောက်ဆက်တွဲ (ဃ-၆)

### အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် ပြည်သူပါဝင်ပါက အောင်မြင်မှုအပေါ် ယုံကြည်မှု



**နောက်ဆက်တွဲ (ဃ-၇)**


## အစိုးရဌာနများသို့ ပြည်သူ၏ ငွေကြေးလက်ဆောင်ပေးရခြင်း အကြောင်းရင်းများ

| စဉ် | အကြောင်းအရာ | ရာခိုင်နှုန်း |
|---|---|---|
| ၁ | အလုပ်ပြီးမြောက်စေရန် အခြားနည်းလမ်း မရှိတော့သဖြင့် | ၁၉.၇၇% |
| ၂ | လုပ်ထုံးလုပ်နည်းများ မြန်ဆန်သွက်လက်လာစေရန် | ၁၆.၄၁% |
| ၃ | ပြစ်ဒဏ်ချမှတ်ခြင်းမှ ရှောင်ရှားနိုင်ရန်၊ ဒဏ်ကြေးရှောင်ရှားနိုင်ရန် | ၁၂.၂၆% |
| ၄ | တရားဝင်ပေးဆောင်ရမည့် ပမာဏထက် လျော့နည်းသောပမာဏ ပေးဆောင်နိုင်ရန် | ၆.၈၉% |
| ၅ | မိမိအား ကောင်းမွန်စွာ ဆက်ဆံစေရန် | ၁၀.၄၄% |
| ၆ | မျက်နှာသာပေး/ ဦးစားပေးခံရစေရန် | ၁၁.၄၅% |
| ၇ | ကြောက်ရွံ့သဖြင့် မပေးဘဲ မနေရဲသောကြောင့် | ၉.၂၈% |
| ၈ | ထိုသို့ တာဝန်ရှိသူကို ပေးရသည့် အစဉ်အလာရှိနေခြင်းကြောင့် | ၁၂.၂၇% |
| ၉ | အခြား | ၁.၂၃% |
| | | **၁၀၀.၀၀%** |

နောက်ဆက်တွဲ (ဃ-၈)


# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအပေါ် ပြည်သူများ၏ အတွေ့အကြုံခံယူချက်များအား မေးမြန်းခြင်း

## ပြည်သူများနှင့် ထိတွေ့ဆက်ဆံမှု အများဆုံးဌာနများ




**နောက်ဆက်တွဲ (ဃ- ၉)**

## ဌာနများ၏ ငွေကြေး (သို့မဟုတ်) လက်ဆောင်တောင်းခံမှုအပေါ် ပြည်သူ၏ ငွေကြေးပေးရခြင်း




**နောက်ဆက်တွဲ (ဃ-၁၀)**

## အစိုးရဌာနများသို့ ငွေကြေး (သို့မဟုတ်) လက်ဆောင် မပေးသောကြောင့် အခက်အခဲ ဖြစ်ပေါ်မှု




**နောက်ဆက်တွဲ (ဃ-၁၁)**

## အဂတိလိုက်စားမှုအား အသိပေးတိုင်ကြားရန် ဌာနများအပေါ်သိရှိမှု



ဆွီဒင်နိုင်ငံအစိုးရ၏ ငွေကြေးပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ
ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး (UNODC Myanmar) က
ပုံနှိပ်ထုတ်ဝေသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး




အုပ်စု(၁)၊ အားကစားလေ့ကျင့်ရေးစခန်း၊

ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊

နေပြည်တော်။

**ဖုန်း** - ၀၆၇ ၈၁၀ ၃၃၆၇

**Website:** www.accm.gov.mm

**Facebook:** ACC Myanmar

**Email:** myanmaracc2014@gmail.com